စိတ်ကူးချိုချိုအနုပညာ

# ကလေးများအတွက်
# ပထမဆုံးသိပ္ပံအဘိဓာန်

ဒေါက်တာခင်မောင်ဝင်းနှင့်
တက္ကသိုလ်ရွှေရီဝင်း



ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

စိတ်ကူးချိုချိုစာအုပ်

# ကလေးများအတွက် ပထမဦးဆုံး သိပ္ပံအဘိဓာန်

ဒေါက်တာခင်မောင်ဝင်း နှင့် တက္ကသိုလ်ရွှေရိုဝင်း

Oxford First Science Dictionary ကို ဘာသာပြန်သည်။

၂၀၁၁ ခုနှစ်၊ ဧပြီလ
ပထမအကြိမ်

**ကလေးများအတွက် ပထမဆုံးသိပ္ပံအဘိဓာန်**

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၀၀၀၅၂၀၁၁၁ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၁၂၁၀၂၁၁ ဖြင့်

မျက်နှာဖုံးဒီဇိုင်းကို ဣ . ဒ . ဝ ပြုလုပ်ပြီး ထုတ်ဝေသူ- ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ (၈၅) ၁၆၄ လမ်း၊ တာမွေ၊ ရန်ကုန်နှင့် ပုံနှိပ်သူ- ဦးနိုင်ဦး၊ ငွေပြည်တော်ပုံနှိပ်တိုက်၊ သိမ်ဖြူ လမ်း၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၁၁ ခု၊ ဧပြီလတွင် တန်ဖိုး 2000 K ဖြန့်ချိသည်။

**စာအုပ်ချုပ် · သစ္စာ**

၄၀၃

ခင်မောင်ဝင်း ၊ ဒေါက်တာနှင့် ရွှေရီဝင်း၊ တက္ကသိုလ်
ကလေးများအတွက် ပထမဆုံးသိပ္ပံအဘိဓာန်၊
ဒေါက်တာခင်မောင်ဝင်းနှင့်တက္ကသိုလ်ရွှေရီဝင်း - ရန်ကုန်။
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၁။
စာမျက်နှာ ၇၅ မျက်နှာ၊ ၁၃ · ၂ စင်တီ× ၂၀ စင်တီ
(၁) ကလေးများအတွက် ပထမဆုံးသိပ္ပံအဘိဓာန်


# မာတိကာ


၁။ A မှ Z အထိ အဘိဓာန် ၂

၂။ သိပ္ပံပစ္စည်းများ ၇၂

၃။ သိပ္ပံဆိုင်ရာ ပြုလုပ်ချက်များအဘိဓာန် ၇၄



# Aa



ANT - ပုရွက်ဆိတ်

## absorb စုပ်ယူသည်

A material absorbs liquid if it soaks it up.
အချို့အရာဝတ္ထုများသည် အရည်ကို စုပ်ယူနိုင်သည်။

The cloth absorbs water but the table does not.
အဝတ်သည် ရေကို စုပ်ယူနိုင်သည်။ သို့သော် စားပွဲသည် ရေကို စုပ်မယူနိုင်ပါ။



## adult အရွယ်ရောက်သောသူ (လူ၊ တိရစ္ဆာန်)

Adults are fully grown animals and people.

အရွယ်ရောက်သော လူကို လူကြီးဟု ခေါ်သည်။




## age အသက်

Your age is the number of years you have lived.

အသက်ဟူသည်မှာ မွေးဖွားပြီး၊ အသက်ရှင် နေထိုင်ခဲ့သော နှစ် အရေအတွက် ဖြစ်သည်။



**air** လေ

Air is the invisible gas all around us.
We breathe air to stay alive.



လေသည် ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်တွင် ရှိနေသော မမြင်ရသည့် ဓာတ်ငွေ့ ဖြစ်သည်။
ကျွန်ုပ်တို့ အသက်ရှင်ရန် လေကို ရှူနေရသည်။

**alive** အသက်ရှင်နေသော၊ အသက်ရှိသော

Living things are alive.
They can feed, grow, and reproduce themselves.
Animals have senses like seeing, touching and hearing. Plants can sense gravity and their roots always grow downwards.

သက်ရှိများသည် အစားအစာကို စားသုံးသည်၊ ကြီးထွားသည်၊ မျိုးပွားနိုင်သည်။ တိရစ္ဆာန်များတွင် မြင်နိုင်သောအစွမ်း၊ ခံစားနိုင်သောအစွမ်း၊ ကြားနိုင်သောအစွမ်း ရှိကြသည်။ အပင်များသည် ကမ္ဘာ့ဆွဲငင်အားကို ခံစားနိုင်သည်။ ထို့ကြောင့် သူတို့၏ အမြစ်များသည် အောက်သို့ ရှည်ထွက်ကြသည်။



a b c d e f g h i j k l m n o p q r s t u v w x y z

## **amphibian** ရေတစ်ပိုင်း ကုန်းတစ်ပိုင်းသတ္တဝါ

Amphibians begin life in the water, as tadpoles. When they grow up they can live on land as well.



ရေတစ်ပိုင်း ကုန်းတစ်ပိုင်း သတ္တဝါသည် ရေထဲတွင် စတင်မွေးဖွားပြီး အသက်စ၍ ရှင်သော ဖားတစ်ပိုင်း ငါးတစ်ပိုင်းကဲ့သို့ သတ္တဝါများ ဖြစ်ကြသည်။ ကြီးလာသောအခါ မြေပေါ်တွင်လည်း နေနိုင်ကြသည်။

Frogs, toads, and newts are all amphibians.
ဖား၊ ဖားပြုပ်၊ ရေပုတ်သင်ငယ်များသည် ရေတစ်ပိုင်း ကုန်းတစ်ပိုင်းသတ္တဝါများ ဖြစ်ကြသည်။

## **animal** တိရစ္ဆာန်

Animals are living things that eat plants or other animals. People are a type of animal.

အပင်များနှင့် အခြားသတ္တဝါများကို စားသော သက်ရှိသတ္တဝါများကို တိရစ္ဆာန်ဟု ခေါ်သည်။ လူများသည်လည်း သက်ရှိသတ္တဝါ အမျိုးအစားထဲတွင် ပါဝင်သည်။



## **ankle** ခြေချင်းဝတ်

Your ankle is where your foot joins your leg. Ankles are joints.

ခြေဖဝါးနှင့် ခြေသလုံးတို့ ဆက်သောနေရာကို ခြေချင်းဝတ်ဟု ခေါ်သည်။ ခြေချင်းဝတ်သည် အဆစ်တစ်မျိုး ဖြစ်သည်။




## **antenna** အင်တီနာ၊ ဦးမှင်

An antenna is a feeler on the head of some tiny animals. The plural of antenna is antennae.

အချို့သော တိရစ္ဆာန်အငယ်လေးများ (ဥပမာ– ခရု၊ လိပ်ပြာ)တို့၏ ခေါင်းတွင်ရှိသော အာရုံခံစားသော ဦးမှင်ကို အင်တီနာဟု ခေါ်သည်။




## **antibiotic** ပဋိဇီဝဆေး

Antibiotics are drugs. They cure illnesses caused by bacteria (tiny germs).

အလွန်သေးငယ်သော ဘက်တီးရီးယား ပိုးမွှားလေးများမှ ဖြစ်သော ရောဂါများကို ကုသပေးသော ဆေးကို ပဋိဇီဝဆေးဟု ခေါ်သည်။




## **arm** လက်မောင်း

Animals that walk on two legs have arms at the top of their body.

လူအပါအဝင် ခြေနှစ်ချောင်းဖြင့် လမ်းလျှောက်တတ်သော သတ္တဝါများ၏ အပေါ်ပိုင်းတွင် လက်မောင်းနှစ်ဖက်ရှိသည်။



a b c d e f g h i j k l m n o p q r s t u v w x y z

a b c d e f g h i j k l m n o p q r s t u v w x y z

## asthma အက်စမာ၊ အသက်ရှူခက်သောရောဂါ

Asthma is an illness that makes it difficult to breathe.

အသက်ရှူကျပ်တတ်သော၊ အသက်ရှူရာတွင် အခက်အခဲရှိသော ရောဂါကို အက်စမာဟု ခေါ်သည်။



An inhaler helps someone with asthma to breathe.

အက်စမာရှိသောသူကို ကူညီပေးသော ရှူဆေး။

## attract ဆွဲယူသည်

If one object is pulled towards another we say it is attracted.

အရာဝတ္ထုတစ်ခုသည် အခြားတစ်ခုကို သူ့ဆီသို့ ပါအောင် ဆွဲယူသည်။



A magnet attracts iron and steel objects.

သံလိုက်သည် သံနှင့် သံကဲ့သို့သောပစ္စည်းများကို ဆွဲယူသည်။

# Bb

BAT - လင်းနို့



## baby ကလေး

A baby is a young animal.

တိရစ္ဆာန်ငယ်ကလေးကို ဘေဘီဟု ခေါ်သည်။

A baby hen is a chick and a baby horse is a foal.

ကြက်ပေါက်စကို ကြက်ငယ်ကလေးဟု ခေါ်သည်။ မြင်းပေါက်စကို မြင်းငယ်ကလေးဟု ခေါ်သည်။



**back** ကျောပြင်၊ ကျောဘက်

You can feel your backbone.
It runs down the middle of your back.
ကျောရိုးသည် ကျော၏ အလယ်တွင် ရှိသည်။



Backs bend both ways.

ကျောကို ရှေ့ သို့မဟုတ် နောက်သို့ ကွေးနိုင်သည်။

**bake** ဖုတ်သည်



When you bake food you heat it in an oven.
မီးပေါ်ကို တင်၍ ကင်ခြင်းကို ဖုတ်သည် ဟု ဆိုသည်။

Food changes when it is baked.

မုန့်ဖုတ်လိုက်သောအခါ ပုံစံပြောင်းသွားသည်။

**battery** ဘက်ထရီ

Batteries store electricity.
ဘက်ထရီသည် လျှပ်စစ်စွမ်းအင်ကို သိုလှောင်ပေးထားသောအရာ ဖြစ်သည်။




**beak** ငှက်၏ နှုတ်သီး

A bird's beak is its mouth.
ငှက်၏နှုတ်သီးသည် သူ့အတွက် ပါးစပ်ပမာ သုံးသောအရာ ဖြစ်သည်။



The shape of a bird's beak depends on what it eats.

ငှက်၏နှုတ်သီးပုံသဏ္ဌာန်သည် သူစားသော အစာနှင့် လိုက်၍ ဖြစ်သည်။

a
**b**
c
d
e
f
g
h
i
j
k
l
m
n
o
p
q
r
s
t
u
v
w
x
y
z

## berry ဘယ်ရီသီး

Berries are small, round, juicy fruits.

သေးငယ်ပြီး အရည်ရွှမ်းသော သစ်သီးလုံးကလေးများကို ဘယ်ရီသီးဟု ခေါ်သည်။



## bird ငှက်

Birds are animals with feathers, wings, and a beak.

ငှက်မွေး၊ အတောင်ပံနှင့် နှုတ်သီးရှိသော တိရစ္ဆာန်ကို ငှက်ဟုခေါ်သည်။

Ostriches are the largest birds, hummingbirds are the smallest.

ငှက်ကုလားအုတ်သည် အကြီးဆုံးငှက်ဖြစ်သည်။ တေးဆိုသော စာလေးငှက်သည် အငယ်ဆုံး ငှက်မျိုးဖြစ်သည်။




## birth မွေးဖွားခြင်း

At birth a baby comes out of its mother's body. Mammals give birth to babies. Most other animals hatch from eggs.

မိခင်၏ ဝမ်းဗိုက်ထဲမှ ထွက်လာခြင်းကို မွေးဖွားခြင်းဟု ခေါ်သည်။ နို့တိုက်သတ္တဝါများသည် ကလေးမွေးဖွားကြသည်။ အခြားသတ္တဝါများသည် ဥမှတစ်ဆင့် ပေါက်ဖွားသည်။



A whale mother gives birth under water. She pushes the baby to the surface to breathe.

ဝေလငါးသည် ရေအောက်တွင် ကလေးကို မွေးပြီး ထိုကလေးကို အသက်ရှူနိုင်ရန် ရေပေါ်သို့ တွန်းတင်ပေးသည်။

## **blind** မျက်စိမမြင်သော

Blind people and animals cannot see.
မျက်စိမမြင်သော လူများနှင့် တိရစ္ဆာန်များတွင် အမြင်အာရုံ မရှိပါ။



The guide dog sees for its owner.
ဤပုံတွင် ခွေးကလေးသည် သူ့သခင်ကိုယ်စား အရာရာကို မြင်ပေးသည်။

## **blood** သွေး

Blood is a red liquid that takes food and oxygen to all parts of the body.
သွေးသည် ကိုယ်ခန္ဓာထဲတွင်ရှိသော အနီရောင်အရည်ဖြစ်သည်။ သွေးသည် ကိုယ်ခန္ဓာအနှံ့ အစားအစာနှင့် အောက်စီဂျင်ဓာတ်ကို ယူဆောင်ပေးသည်။




When you cut yourself, blood leaks out. But it soon goes hard and forms a scab.
ထိခိုက်ဒဏ်ရာရသောအခါတွင် သွေးထွက်သည်။ သို့သော် မကြာမီ သွေးသည် ခဲသွားပြီး အနာဖေးဖြစ်သွားသည်။

## **body** ကိုယ်ခန္ဓာ

The body is all the parts of an animal.
လူနှင့် တိရစ္ဆာန်များ၏ တစ်ကိုယ်လုံးကို ကိုယ်ခန္ဓာဟု ခေါ်သည်။



Some animal's bodies have legs.
အချို့သော သတ္တဝါများ၏ ကိုယ်ခန္ဓာတွင် ခြေထောက်များ ရှိသည်။

## **boil** ဆူသည်၊ ပွက်သည်။

Liquids bubble when they boil.
အရည်ဆူလျှင် လေပူဖောင်းများထွက်သည်။



You have to heat a liquid to make it boil.
အရည်တစ်ခုခုကို ဆူစေချင်လျှင် အပူပေးရသည်။

a b c d e f g h i j k l m n o p q r s t u v w x y z

**bones** အရိုးများ

Bones make the hard frame of our body. Most skeletons are made of bone.

အရိုးများသည် ကိုယ်ခန္ဓာကို အတွင်းမှ ဘောင်ခတ်ထားသော မာကျောသည့်အရာများဖြစ်သည်။ အရိုးစုသည် ခန္ဓာကိုယ်၏ ပုံသဏ္ဍာန်ကို ဖော်ပြသည်။



Bones show up on X-rays.
အိတ်(စ်)ရေးသည် အသားကို ဖောက်၍ အရိုးစုကို မြင်ရသည်။

**brain** ဦးနှောက်

Brains control thinking and movement.
ဦးနှောက်သည် ခန္ဓာကိုယ်၏ သွားလာလှုပ်ရှားမှု၊ စဉ်းစားတွေးခေါ်မှုကို ထိန်းချုပ်သည်။




**bubble** ပူစည်ဖောင်း

Bubbles are little pockets of gas in a liquid.
ပူစည်ဖောင်းကလေးများသည် ဓာတ်ငွေ့များ ပါဝင်သည့် လေပူဖောင်းကလေးများ ဖြစ်သည်။



The outside of a soap bubble is a thin layer of liquid.
ဆပ်ပြာပူစည်ဖောင်း၏ အပြင်ဘက်ပိုင်းတွင် ဆပ်ပြာပါးပါးလေးရှိသည်။ အထဲတွင် လေတွေရှိသည်။

**bud** အဖူး

Buds are flowers or leaves that have not opened yet.
အဖူးဟူသည်မှာ အပွင့်၊ သို့မဟုတ် အရွက်မဖြစ်မီ ငုံနေသောအရာဖြစ်သည်။




Inside a bud the leaf or flower is tightly folded.
အဖူး၏အတွင်းထဲတွင် ပန်း၊ သို့မဟုတ် အရွက်သည် ခေါက်၍နေသည်။

**bulb** မီးသီး၊ မီးလုံး။

Light bulbs glow when electricity passes through them.

လျှပ်စစ်ဓာတ်အား ဖြတ်သွားသောအခါတွင် မီးလုံးသည် အလင်းရောင် ထွက်သွားသည်။



The glowing wire in a light bulb is called the filament.

မီးလုံးထဲတွင်ရှိသော အလင်းရောင်ထွက်၍ တောက်ပနေသော ဝါယာအခွေလေးကို နန်းမျှင်ဟု ခေါ်သည်။

**burn** မီးလောင်သည်

When an object burns it gives off heat. Flames rise from burning things.

အရာဝတ္ထုတစ်ခုသည် မီးလောင်လျှင် အပူထွက်လာသည်။ မီးလောင်သောအရာမှ မီးတောက်များ ထွက်လာသည်။



**bush** ချုံပုတ်

A bush is a woody plant. It does not have a tall trunk like a tree.

ချုံပုတ်ဟူသည်မှာ သေးငယ်ပြီး သစ်ကိုင်း၊ သစ်ရွက်များရှိသော အပင်ဖြစ်သည်။ ချုံပုတ်သည် သစ်ပင်ကဲ့သို့ မြင့်မားသော ပင်စည်မရှိပါ။








a b c d e f g h i j k l m n o p q r s t u v w x y z

a
b
c
d
e
f
g
h
i
j
k
l
m
n
o
p
q
r
s
t
u
v
w
x
y
z

## buzzer ဇက်သံမြည်သောအရာ

A buzzer or a bell makes a sound when it is in a complete electric circuit.

ဇက်သံမြည်သောအရာ၊ သို့မဟုတ် ခေါင်းလောင်းသည် လျှပ်စစ်ဓာတ် ဖြတ်သွားသောအခါ အသံမြည်သည်။




# Cc


**CROCODILE - မိကျောင်း**



## cactus ရှားစောင်းပင်


Cacti are desert plants. They have swollen green stems, and spines instead of leaves.

ရှားစောင်းပင်များသည် ခြောက်သွေ့သော ကန္တာရထဲတွင် ပေါက်သော အပင်ဖြစ်သည်။ အစိမ်းရောင်ပင်စည်နှင့် အကိုင်းများရှိပြီး သစ်ရွက်အစား ဆူးများ ရှိသည်။



## camera ကင်မရာ

A camera is for taking pictures. It has a lens to let in light. The light makes a picture on the film.
Digital cameras record pictures using computer chips.




ကင်မရာကို ဓာတ်ပုံရိုက်ရာတွင် သုံးသည်။ ကင်မရာတွင် အလင်းဝင်သော မှန်ဘီလူး ရှိသည်။ အလင်းသည် ဖလင်ပေါ်တွင် ပုံရိပ်ထင်စေသည်။ ဒစ်ဂျစ်တယ် ကင်မရာတွင် ဖလင်မလိုပါ။ ၎င်းတွင် ကွန်ပျူတာချစ်ပ်များက ပုံကို မှတ်သားထားသည်။

## camouflage ပတ်ဝန်းကျင်နှင့် တစ်သားတည်းထင်ရအောင် အရောင်ပြောင်းခြင်း

A camouflaged animal is one that blends in with its background.
အချို့တိရစ္ဆာန်များသည် ပတ်ဝန်းကျင် အသွင်အပြင်ဖြင့် ရောသွားအောင် အရောင်ပြောင်းတတ်သည်။



Spot the camouflaged animal.
ဤပုံတွင် သစ်ရွက်စိမ်းရောင်ပြောင်းထားသော တိရစ္ဆာန်ကို ရှာပါ။

## carnivore အသားစားသော သတ္တဝါများ

Carnivores are animals that eat other animals.

အခြားတိရစ္ဆာန်များကို စားသော သတ္တဝါများကို အသားစားသော သတ္တဝါ ဟု ခေါ်သည်။



What do these carnivores eat?
ဤပုံထဲရှိ အသားစားသတ္တဝါများသည် ဘာကို စားကြသနည်း။

a b c d e f g h i j k l m n o p q r s t u v w x y z

a b c d e f g h i j k l m n o p q r s t u v w x y z

## caterpillar ခူ

Caterpillars look like worms with legs. They are a stage in the life cycle of many insects.

ခူသည် ခြေထောက်များရှိပြီး တီကောင်နှင့် ပုံသဏ္ဌာန်တူသည်။ ခူသည် ပိုးကောင်ဘဝ အမျိုးမျိုးကို ပြောင်းတတ်သည်။



Caterpillars are a type of larva.
ခူသည် ပိုးလောက်လန်း အမျိုးအနွယ် တစ်မျိုးဖြစ်သည်။

## cereal ကောက်ပဲသီးနှံများ

Cereals are food plants such as wheat, rice, oats, and maize. Breakfast cereals are made from these plants.



ဆန်စပါး၊ ဂျုံ၊ မုယောစပါး၊ ပြောင်းကဲ့သို့သော အပင်များကို ကောက်ပဲသီးနှံများဟု ခေါ်သည်။ နံနက်စာ ကွေကာအုပ်သည် ဂျုံပြောင်းတို့မှ ထုတ်လုပ်ထားသည်။

## chemical ဓာတုပစ္စည်း

Chemicals include substances made in laboratories and factories. Plastics and medicines are chemicals.


သိပ္ပံဓာတ်ခွဲခန်းထဲတွင် ထုတ်လုပ်သော ပစ္စည်းများသည် ဓာတုပစ္စည်းများ ဖြစ်သည်။ ပလတ်စတစ်နှင့် ဆေးဝါးများသည်လည်း ဓာတုပစ္စည်းများ ဖြစ်သည်။



## circuit ဆားကစ်၊ လျှပ်စီးပတ်လမ်း

Electricity travels round an electrical circuit if there is no break in the wires.

လျှပ်စစ်သည် ဝါယာကြိုးကို အပေါင်းဘက်မှ အနုတ်ဘက်သို့ မပြတ်အောင်စီးသွားလျှင် ထိုလမ်းကို လျှပ်စီးပတ်လမ်း၊ သို့မဟုတ် ပြည့်စုံသော ဆားကစ်ဟုခေါ်၏။



## claw တိရစ္ဆာန်တို့၏ လက်သည်း၊ ခြေသည်း

A claw is a sharp part on the end of an arm or leg.

လက်ချောင်း၊ ခြေချောင်းများ၏ အဆုံးတွင် ရှိသော ထက်မြက်သောအပိုင်း ဖြစ်သည်။



Many animals have claws on their feet. A crab's pincers are claws.

တိရစ္ဆာန်တော်တော်များများတွင် ခြေသည်းများရှိကြသည်။ ဂဏန်း၏လက်မများသည် ပလိုင်ယာများပမာ ညှပ်နိုင်သည်။

## clay ရွှံ့

Clays is dug out of the ground. It can be baked hard to make bricks, tiles, and cups.





ရွှံ့များကို မြေကြီးထဲမှ တူးယူနိုင်သည်။ ရွှံ့များကို မာကျောအောင် ဖုတ်လိုက်ခြင်းအားဖြင့် အုတ်ခဲများ၊ အုတ်ကြွပ်ပြားများ၊ မြေအိုး၊ မြေခွက်များ လုပ်နိုင်သည်။

## cloud တိမ်

Coluds are made when tiny drops of water form in the air.

ရေခိုးရေငွေ့များသည် လေထဲသို့ ရောက်သွားသောအခါ တိမ်ဖြစ်သွားသည်။



## coal ကျောက်မီးသွေး

Coal is black rock that burns easily. It is made of trees that died millions of years ago.

ကျောက်မီးသွေးဟူသည်မှာ မီးလောင်နိုင်သော ကျောက်တုံးအမည်းရောင် ဖြစ်သည်။ ၎င်းတို့သည် လွန်ခဲ့သောနှစ်ပေါင်းသန်းပေါင်းများစွာက ပျက်စီးခဲ့သော သစ်ပင်များမှ ဖြစ်လာခြင်း ဖြစ်သည်။



## cocoon ပိုးအိမ်

A cocoon is a silk case that a caterpillar spins around itself when it becomes a pupa.

ခူ၊ သို့မဟုတ် ပေါက်ဖတ်မှ ရက်ထုတ်ပြီး သူ့ကိုယ်သူ ရစ်ပတ်သော ပိုးမျှင်များဖြင့် ဖွဲ့ထားသော အိမ်ဖြစ်သည်။



The silk we make into clothes comes from silkworm cocoons.

အဝတ်အစားများ ရက်လုပ်သော ပိုးချည်မျှင်သည် ပိုးအိမ်များမှ ဖြစ်သည်။

## cold အေးသော

An object is cold when it is at a low temperature.


The drink is cold.
The ice cream is colder.
The ice is even colder.



ရေခဲ၊ ရေခဲရေ၊ ရေခဲမုန့်တို့သည် အေးသည်။ အချိုရည်ထက် ရေခဲမုန့်က ပိုအေးသည်။ ရေခဲက ရေခဲမုန့်ထက် အေးသည်။

## cold-blooded သွေးအေးသော

A cold-blooded animal has about the same temperature as the air or water around it.



သွေးအေးသတ္တဝါများ၏ အပူချိန်သည် သူတို့၏ ပတ်ဝန်းကျင်ရှိ ရေ၊ သို့မဟုတ် လေနှင့် အတူတူဖြစ်သည်။

Reptiles sunbathe to warn up their bodies.

တွားသွားသတ္တဝါများသည် သူတို့၏ကိုယ်ခန္ဓာများကို နွေးစေရန် နေပူစာလှုံကြသည်။

## colour အရောင်

There are millions of colours. We can see colours, but some animals only see in black and white.




အရောင်များ သန်းချီ၍ရှိသည်။ လူများသည် အရောင်များကို မြင်ရသော်လည်း အချို့တိရစ္ဆာန်များသည် အဖြူနှင့် အမည်းကိုသာ မြင်ရသည်။

## conduct လျှပ်စစ်စီးသည်

Materials that let electricity pass through them are called conductors.

သတ္တုကြိုးများသည် လျှပ်စစ်စီးဆင်းနိုင်သော အရာဝတ္ထုများ ဖြစ်သည်။



The wires in the circuit conduct electricity.

လျှပ်စစ်ဓာတ် သွားရာလမ်းတွင် သုံးသောဝါယာကြိုးများသည် လျှပ်စစ်ကို စီးစေသည်။

## cool အအေးခံသည်

To cool an object you drop its temperature. Liquids turn into solids when they are cooled.

အရာဝတ္ထုတစ်ခုကို အအေးခံရန် ၎င်း၏အပူချိန်ကို လျှော့ချရသည်။ အရည်များကို အအေးခံလျှင် အခဲဖြစ်သွားသည်။



When liquid jelly cools, it becomes solid.

ဂျယ်လီရည်ကို အအေးခံလိုက်လျှင် အခဲဖြစ်သွားသည်။

## crystal ပုံဆောင်ခဲ

Crystals are rocks such as quartz, salt, and diamond. They have regular shapes. Salt crystals are cube-shaped.

ကွပ်၊ ဆား၊ စိန် အစရှိသော သတ္တုများ၏ အခဲများကို ပုံဆောင်ခဲဟု ခေါ်သည်။ ပုံဆောင်ခဲများတွင် တိကျပြတ်သားသော ပုံသဏ္ဍာန်များ ရှိသည်။ ဥပမာ–ဆား၏ ပုံဆောင်ခဲသည် လေးထောင့်ပုံ (အန်စာတုံးပုံမျိုး ဖြစ်သည်။)



You can grow some crystals in a jar.

အချို့သော ပုံဆောင်ခဲများကို ပုလင်းထဲတွင် ထုတ်လုပ်နိုင်သည်။

# Dd

DOG - ခွေး



**dark** မှောင်သော

A place where there is no light is dark.

အလင်းရောင်မရှိသော နေရာသည် မှောင်သည်။



**day** နေ့

During the day the Sun gives us light. A day can also mean 24 hours.

နေ့ပိုင်းတွင် နေက အလင်းရောင် ပေးသည်။ တစ်နေ့ဟူသည်မှာ တစ်ရက်ဟု အဓိပ္ပာယ်ရပြီး ၂၄ နာရီဖြစ်သည်။



**dead** သေသော

A living thing is dead when it stops growing, moving, and feeding.

အသက်ရှိသော သတ္တဝါ၊ သို့မဟုတ် အရာဝတ္ထု (ဥပမာ–အပင်)သည် ဆက်လက်၍ မကြီးထွား၊ လှုပ်ရှားမှုမရှိ၊ အစာလည်း မစားတော့လျှင် သေပြီဟု သတ်မှတ်နိုင်သည်။



## deaf နားမကြားသော

A deaf person cannot hear sound.

နားမကြားသောလူသည် အသံကို မကြားရပါ။



Some deaf people talk using sign language.

အချို့သော နားမကြားသူများသည် သင်္ကေတအမှတ်အသားများဖြင့် စကားပြောသည်။

## decay ယိုယွင်းသည်

When something decays it goes rotten and begins to fall apart.

တစ်ခုခုသည် ယိုယွင်းပြီဆိုလျှင် မလတ်ဆတ်တော့ဘဲ ပုပ်သိုး၍ ပျက်စီးသည်။



## diamond စိန်

Diamond is a type of crystal. It may be dug from deep in the ground.

စိန်သည် ပုံဆောင်ခဲတစ်မျိုးဖြစ်သည်။ ၎င်းကို နက်ရှိုင်းသော မြေကြီးထဲမှ တူးဖော် ရရှိနိုင်သည်။



Diamond is the hardest material there is.

စိန်သည် အမာဆုံးပစ္စည်းဖြစ်သည်။

## diet စာတ်စာ

An animal's diet is what it eats. A balanced diet for a person contains many types of food.





သက်ရှိသတ္တဝါများအတွက် ဓာတ်စာသည် သူတို့ ပုံမှန်စားသော အစာဖြစ်သည်။ လူအတွက် မျှတသော ဓာတ်စာသည် ကစီဓာတ် (ဥပမာ– ဆန်၊ ဂျုံ) အသားဓာတ်၊ ဟင်းသီးဟင်းရွက်၊ အသီးအနှံအစုံ မျှတစွာ ပါဝင်ရသည်။

## digest အစာခြေသည်

Animals digest food in their stomach and gut. The food gives them energy and helps them grow.

သတ္တဝါများသည် အစာအိမ်နှင့် အူထဲတွင် အစာခြေသည်။ အစာသည် အားအင်နှင့် ကြီးထွားရေးအတွက် အထောက်အကူ ဖြစ်သည်။




## dilute ကျဲစေသည်

To dilute something you add more water.

တစ်ခုခုကို ကျဲစေချင်လျှင် ရေ ရောရသည်။

Dilute juice does not taste as strong.


ကျဲသွားသောဖျော်ရည်သည် အရသာ ပေါ့သည်။



## dinosaur ဒိုင်နိုဆော

Dinosaurs were a group of reptiles that died out millions of years ago.

ဒိုင်နိုဆောများသည် ကမ္ဘာပေါ်တွင် ရှေးလွန်ခဲ့သော နှစ် သန်းပေါင်းများစွာက မျိုးပြုန်းသွားခဲ့ပြီဖြစ်သည်။



*Triceratops*
ထရိုင်စရာတော့

*Tyrannosaurus*
တိုင်ရန်နိုဆောရပ်

## disease ရောဂါ

A disease is an illness. Chickenpox, a cold, flu, and stomach upsets are all diseases.




ရောဂါတစ်ခုခုဖြစ်လျှင် နေထိုင်မကောင်း ဖြစ်သည်။ ဝက်သက်၊ အအေးမိခြင်း၊ တုပ်ကွေးနှင့် ဗိုက်နာခြင်းတို့သည် ရောဂါများ ဖြစ်ကြသည်။

a b c d e f g h i j k l m n o p q r s t u v w x y z

## dissolve ပျော်ဝင်သည်

When a solid dissolves in an liquid it makes a solution. You can see through  a solution.

အစိုင်အခဲတစ်ခုသည် ရေထဲတွင် ပျော်ဝင်သွားလျှင် ပျော်ရည်ဖြစ်သွားသည်။ ပျော်ရည်ကို ဖောက်ထွင်း၍ မြင်နိုင်သည်။




flour does not dissolve
ဂျုံသည် ရေထဲတွင် မပျော်ဝင်ပါ။

salt dissolves in water
ဆားသည် ရေထဲတွင် ပျော်ဝင်သည်။

## drug ဆေးဝါး

A drug is a chemical that affects our body. Aspirin is a drug that is used to stop pain. Alcohol is a drug in wine and beer.


ဆေးဝါးဟူသည်မှာ ကိုယ်ခန္ဓာကို အကျိုးသက်ရောက်စေသော ဓာတုပစ္စည်း ဖြစ်သည်။ ဥပမာ–အက်(စ)ပရင်သည် နာကျင်ခြင်းကို ပျောက်စေသော ဆေးဝါးဖြစ်သည်။ အရက်သည် ဝိုင်အရက်နှင့် ဘီယာတို့ ပါဝင်သော ဆေးဝါးဖြစ်သည်။



## dust ဖုန်မှုန့်

Dust is small specks that float in the air. When they fall they make objects dusty.


ဖုန်သည် လေထဲတွင် ပျံ့ဝဲနေသော အမှုန်ကလေးများ ဖြစ်သည်။ ဖုန်များသည် အရာဝတ္ထုများပေါ်သို့ ကျလျှင်  ဖုန်တက်သွားမည်ဖြစ်သည်။



In countries where there is little rain there are sometimes dust stroms.
မိုးနည်းသော အချို့သော နိုင်ငံများတွင် ဖုန်များပါဝင်သော မုန်တိုင်းများ တိုက်ခတ်သည်။

# Ee

ELEPHANT - ဆင်



**ear** နား

You hear sounds with your ears.

အသံကို နားဖြင့် ကြားရသည်။ နားသည် ပုံသဏ္ဍာန်နှင့် အရွယ်အမျိုးမျိုးရှိသည်။



Ears come in all shapes and sizes.

နားသည် ပုံသဏ္ဍာန်နှင့် အရွယ်အမျိုးမျိုးရှိသည်။

**earth** ကမ္ဘာ

The planet we live on is called Earth. Another name for soil is earth.

ကျွန်ုပ်တို့လူသားများသည် ကမ္ဘာဟု ခေါ်သော ဂြိုဟ် ပေါ်တွင် နေကြသည်။



The Earth is a huge ball of rock.

ကမ္ဘာသည် ဘောလုံးပုံ ကျောက်တုံးကြီးဖြစ်သည်။

**echo** ပဲ့တင်သံ

An echo is a sound that has bounced back from a wall.

ပဲ့တင်သံဟူသည်မှာ နံရံကဲ့သို့သော အရာကို ထိ၍ ပြန်ကန်ထွက်သော အသံမျိုးဖြစ်သည်။








It takes time for the sound to travel to the wall and back.

ပဲ့တင်သံကိုကြားရန် အသံတစ်ခုသည် တစ်နေရာမှ နံရံရှိရာသို့ သွားသော အချိန်နှင့် နံရံကိုထိပြီး ပြန်လာသည့်အချိန်ကို စောင့်ရသည်။

## **egg** ဥ

Eggs are the starting point for a new animal. Birds lay eggs with hard shells. Crocodiles lay eggs with leathery shells. Frogs lay masses of eggs in jelly.



အချို့သော တိရစ္ဆာန်များသည် ဥမှ ပေါက်ဖွားသည်။ ငှက်ဥများသည် မာသော အခွံရှိသည်။ မိချောင်းဥများသည် သားရေကဲ့သို့ မာကြမ်းပျဉ်းတွဲသော အခွံရှိသည်။ ဖားများသည် ဂျယ်လီကဲ့သို့သော ဥများ ဥသည်။

## **elastic** ဆွဲဆန့်နိုင်သော

Elastic materials spring back into their original shape.



ဆွဲဆန့်နိုင်သော အရာဝတ္ထုများသည် ဆွဲဆန့်ပြီးလျှင် နဂိုပုံအနေအထားကို ပြန်ရောက်သည်။

## **elbow** တံတောင်ဆစ်

Your elbow is the joint between your upper arm and your lower arm.





တံတောင်ဆစ်သည် လက်မောင်းနှင့် လက်တို့ကို ဆက်သော အဆစ်ဖြစ်သည်။

Elbows work like hinges on a door- they don't twist.

တံတောင်ဆစ်သည် တံခါးပတ္တာနှင့် တူသည်။ ၎င်းကို လိမ်၍ မရပါ။

a b c d e f g h i j k l m n o p q r s t u v w x y z

## electricity လျှပ်စစ်ဓာတ်အား



Electricity is a flow of energy. It usually comes from a battery or from the mains.

လျှပ်စစ်ဓာတ်အားသည် စွမ်းအင် စီးဆင်းမှုတစ်မျိုးဖြစ်သည်။ ၎င်းကို ဘက်ထရီ၊ သို့မဟုတ် လျှပ်စစ် ထုတ်သော မိန်းမှ ရရှိနိုင်သည်။





All these things work by electricity.

ဤပစ္စည်းများသည် လျှပ်စစ်ဓာတ်အား ဖြင့် လည်ပတ်သောပစ္စည်းများ ဖြစ်သည်။

## energy စွမ်းအင်



Energy is the ability to do work. This could be lifting, carrying, or heating something.

အလုပ်လုပ်နိုင်သည့်အစွမ်းကို စွမ်းအင်ဟု ခေါ်သည်။ တစ်ခုခုကို မ သောအစွမ်း၊ သယ်ပိုးသော အစွမ်း၊ အပူပေးသော အစွမ်းတို့ ဖြစ်နိုင်သည်။

## engine အင်ဂျင်

Engines are machines that can move things. Engines need fuel such as petrol, diesel, or coal to work.

အင်ဂျင်ဟူသည်မှာ အရာဝတ္ထုများကို ရွှေ့နိုင်သော စက် ဖြစ်သည်။ အင်ဂျင်သည် အလုပ်လုပ်နိုင်ရန် ဓာတ်ဆီ၊ သို့မဟုတ် ဒီဇယ်ဆီ၊ သို့မဟုတ် ကျောက် မီးသွေးတို့ လိုသည်။




Aeroplanes have jet engines on their wings.

လေယာဉ်၏ အတောင်ပံများထဲတွင် ဂျက်အင်ဂျင် ရှိသည်။

## evaporate အငွေ့ပျံသည်

When a liquid evaporates it changes into a gas. Evaporation happens more quickly if the air is warm.

အရည်သည် အငွေ့ပျံလျှင် အငွေ့ အဖြစ်သို့ ပြောင်းသွားသည်။ လေသည် ပူနွေးနေလျှင် ပို၍မြန်မြန် အငွေ့ပျံသည်။



We want water to evaporate from wet washing.
အဝတ်အစိုများကို လှမ်းထားလျှင် ရေသည် အငွေ့ပျံသွားသည်။

## exercise လေ့ကျင့်ခန်း

People and other animals need exercise to keep fit and healthy.

လူနှင့် တိရစ္ဆာန်များသည် ကျန်းမာသန်စွမ်းစေရန် ကိုယ်လက်လှုပ်ရှားမှုလုပ်ရန် လိုအပ်သည်။



## experiment လက်တွေ့စမ်းသပ်မှု

When you experiment you try something out and see what happens.

လက်တွေ့စမ်းသပ်မှုတစ်ခု လုပ်လျှင် ဘာဖြစ်မည် ဟူသည်ကို စောင့်ကြည့်ရသည်။



How do you think this experiment will end?
ဒီစမ်းသပ်မှုက ဘယ်လို အဆုံးသတ်မယ် ထင်ပါသလဲ။

**extinct** မျိုးပြုန်းသော

When a type of animal or plant is extinct, none are left alive.

တိရစ္ဆာန်၊ သို့မဟုတ် အပင်မျိုးနွယ်တစ်ခုသည် မျိုးပြုန်းသွားပြီဆိုလျှင် အသက်ရှင်လျက် မရှိတော့ပါ။

The dodo is an extinct bird.

ဒိုဒိုသည် မျိုးပြုန်းသွားပြီဖြစ်သော ငှက်ဖြစ်သည်။



**eye** မျက်စိ

You see things with your eyes.
အရာရာကို မျက်စိဖြင့် မြင်ရသည်။

Some animals have large eyes to help them see at night.

အချို့သော တိရစ္ဆာန်များတွင် ညအခါ မြင်နိုင်ရန် အတွက် အလွန်ကြီးသော မျက်စိများ ရှိကြသည်။



# Ff

**FROG** - ဖား



**face** မျက်နှာ

Your face is the front part of your head.

မျက်နှာသည် ခေါင်း၏ အရှေ့ဘက်တွင် ရှိသည်။



The faces of people, chimps, gorillas, and monkeys have things in common.

လူများ၊ မျောက်လွှဲကျော်များ၊ လူဝံများနှင့် မျောက်တို့၏ မျက်နှာများတွင် တူညီသော လက္ခဏာများ ရှိကြသည်။

## fat အဆီဓာတ်

Many foods contain fat. Cheese and butter have lots of fat. Vegetables and fruit have only a little fat.

အစားအသောက်တော်တော်များများတွင် အဆီဓာတ် ပါဝင်ကြသည်။ ဒိန်ခဲနှင့်ထောပတ်တို့တွင် အဆီဓာတ် ပိုများသည်။ အသီးအနှံများတွင် အဆီဓာတ်နည်းသည်။



These are all high-fat foods.

ဤအစားအသောက်များသည် အဆီဓာတ် များသော အစားအစာများ ဖြစ်သည်။

## feather ငှက်တောင်

Birds have feathers. No other animals have them.

ငှက်များတွင် ငှက်တောင်များ ရှိသည်။ အခြား မည်သည့်တိရစ္ဆာန်တွင်မှ ငှက် တောင် မရှိပါ။




## feed မှီဝဲသည်(အစာအဖြစ်)

Animals feed on plants or other animals.

တိရစ္ဆာန်များသည် အပင်၊ သို့ မဟုတ် အခြားတိရစ္ဆာန်များကို အစာအဖြစ် မှီဝဲကြသည်။



## female အမ

Female animals give birth to babies, or lay eggs. They usually look after the young.

တိရစ္ဆာန်အမများသည် ကလေးမွေးသည်၊ သို့မဟုတ် ဥဥသည်။ သူတို့သည် ကလေး များကိုလည်း ထိန်းသိမ်း စောင့်ရှောက်တတ် သည်။




a
b
c
d
e
f
g
h
i
j
k
l
m
n
o
p
q
r
s
t
u
v
w
x
y
z

## **fin** ဆူးတောင်

A fish flaps its fins to help it swim.

ငါးသည် ရေကူးရန်အတွက် ဆူးတောင်ဖြင့် ခတ်ရသည်။




## **finger** လက်ချောင်း

You have four fingers and a thumb on each hand. They are good for gripping.

လက်တစ်ဖက်စီတွင် လက်ချောင်းလေးချောင်းနှင့် လက်မ တစ်ချောင်းရှိသည်။ လက်ချောင်းများနှင့် လက်မသည် တစ်ခုခုကို ကိုင်ဆုပ်ရာတွင် သုံးနိုင်သည်။

The nails at the end protect the fingertips.




လက်သည်းများသည် လက်ချောင်းများနှင့် လက်၏ထိပ်ကို အကာအကွယ်ပေးသည်။

## **fire** မီး

To start a fire, you need fuel, air and heat.

မီးမွှေးရန်အတွက် လောင်စာ၊ နှင့် အပူ လိုအပ်သည်။



Putting water onto a fire will put it out.

မီးလောင်နေသည့်အပေါ်ကို ရေဖျန်းလိုက်လျှင် မီးငြိမ်းသွားသည်။

## **fish** ငါး

A fish is an animal that lives in water and breathes through gills.

ငါးသည် ရေထဲတွင် နေပြီး ပါးဟက်မှတစ်ဆင့် အသက်ရှူသော သတ္တဝါဖြစ်သည်။




There are many different types of fish.

ငါးအမျိုးပေါင်း များစွာရှိသည်။

**flame** မီးတောက်၊ မီးလျှံ

Flames are produced when a fire is burning.

မီးလောင်သောအခါ မီးတောက်၊ မီးလျှံများ ဖြစ်ပေါ်သည်။



**float** ရေထဲတွင် ပေါ်လောပေါ်သည်

Objects float in water when they are not resting on the bottom.

ရေအောက်ထဲသို့ ကျပြီး ငြိမ်မနေသောအရာများသည် ရေထဲတွင် ပေါ်လောပေါ်နေသည်။



The ball and the fish are both floating
ဘောလုံးနှင့် ငါးသည် ရေထဲတွင် ပေါ်လောပေါ်နေသည်။

**flower** ပန်း

Flowers are the parts of a plant that make seeds.

အစေ့မှပေါက်သော အပင်များမှ ပွင့်သောအရာများသည် ပန်းဖြစ်သည်။



**fly** ပျံသည်

Animals that fly can move through the air for long distances.

ပျံနိုင်သော သတ္တဝါများသည် လေထဲတွင် ခရီးဝေးဝေးကို ပျံဝဲ၍ သွားနိုင်သည်။




Bats, most birds, and many insects can all fly.
လင်းနို့၊ ငှက်များနှင့် ပိုးကောင်တော်တော်များများတို့သည် ပျံနိုင်ကြသည်။

## fog မြူ

Fog is cloud at ground level. You cannot see far in the fog.

မြူသည် မြေပေါ်တွင် ဖြစ်ပေါ်သော တိမ်ဖြစ်သည်။ မြူများရှိနေလျှင် အဝေးကို မမြင်ရပါ။



Fog is made of tiny water droplets.

မြူကို သေးငယ်သော ရေစက်ကလေးများဖြင့် ဖွဲ့စည်းထားသည်။

## food အစားအစာ

Animals need food for energy and to help them grow. Plants make their own food from water, air, and sunlight.

လူနှင့် တိရစ္ဆာန်များသည် စွမ်းအင်နှင့် ကြီးထွားရန်အတွက် အစားအစာ လိုသည်။ အပင်များသည် ရေ၊ လေနှင့် နေရောင်ခြည်တို့ကို အသုံးပြု၍ အစာချက်ကြသည်။



## foot ခြေမျက်စိအောက်ပိုင်းခြေထောက်

Some animals have feet at the end of their legs. Others have hooves, paws, or webbed feet at the end of their legs.




အချို့တိရစ္ဆာန်များတွင် ခြေသလုံး၏ အဆုံးပိုင်း၌ ခြေထောက်ရှိသည်။ အချို့တွင် ခွာ ရှိသည်။ အချို့တွင် ခြေသည်းများ ရှိသည်။ အချို့တွင် ခြေချောင်းချင်း ဆက်ထားသော အရေပြားရှိသည်။

## **force** တွန်းအား

Forces can be pushes or pulls.

တွန်းခြင်း၊ သို့မဟုတ် ဆွဲခြင်းတို့သည် အား များ ဖြစ်သည်။



## **fossil** ရှေးဟောင်းရုပ်ကြွင်း

A fossil is the remains of an animal or plant buried in rocks.

ရှေးလွန်ခဲ့သော နှစ်ပေါင်းများစွာက ကျောက်တုံးများထဲတွင် နှစ်မြုပ်နေသော တိရစ္ဆာန်အလောင်းများ၊ သို့မဟုတ် အပင် များကို ကျောက်ဖြစ်ရုပ်ကြွင်းဟု ခေါ်သည်။



This is the fossil of a fern.
ဤပုံသည် ရှေးက အပင်တစ်မျိုး၏ ရုပ်ကြွင်းဖြစ်သည်။

## **freeze** ခဲသည်

When a liquid freezes it turns to a solid.

အရည်သည် ခဲသွားသောအခါ အခဲ ဖြစ်သွားသည်။

Ice lollies can be made from frozen fruit juice.



ရေခဲချောင်းသည် သစ်သီးဖျော်ရည်ကို ခဲအောင် ပြုလုပ်ခြင်းဖြစ်သည်။

**friction** ပွတ်အား

Friction is the force that slows down moving objects.

ပွတ်အားသည် လှုပ်ရှားနေသော အရာများကို နှေးစေသည်။



စက်ဘီး၏ ဘရိတ်မှ ပွတ်အားသည် လည်နေသော ဘီးကို နှေးပြီး ရပ်တန့်စေသည်။

Friction from the brakes slows you down and stop you.

**fruit** အသီး

Fruit is the fleshy part of a plant that covers a seed.

အသီးသည် အပင်၏အစေ့ကို ကာရံထားသော အသားဖြစ်သည်။



Some fruit has small seeds, other fruit has large stones.

အချို့အသီးများ၏အစေ့သည် သေးသည်။ အချို့သည် ကြီးသည်။

**fuel** လောင်စာပစ္စည်း

A fire needs fuel to help it burn. Engines need fuel to make them work.

မီးမွှေးရန်အတွက် လောင်စာပစ္စည်း လိုသည်။ အင်ဂျင်စက်များသည်လည်း လည်ပတ်ရန် အတွက် လောင်စာ လိုအပ်သည်။




**fungus** မှို

Mushrooms and toadstools are types of fungus. They feed on decaying plants or animals.



မှိုပွင့်နှင့် နွားချေးမှိုတို့သည် မှိုအမျိုးအစားတွင် ပါသည်။ မှိုများသည် ပျက်စီးယိုယွင်းနေသော အပင်များ၊ သို့မဟုတ် တိရစ္ဆာန်များကို အစာအဖြစ် မှီဝဲကြသည်။

# G g


**GOAT - ဆိတ်**



## gas ဓာတ်ငွေ့၊ ဂက်(စ)

A gas is able to spread out to fill any container. Air is an invisible gas that is all around us.

ဓာတ်ငွေ့၊ သို့မဟုတ် ဂက်(စ)သည် နေရာအနှံ့ ပြန့်သွားနိုင်သည်။ လေသည် မမြင်ရသော ဓာတ်ငွေ့ဖြစ်သည်။ လေသည် ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်တွင် နေရာအနှံ့ရှိသည်။



A bunsen burner burns gas.

ဂက်(စ)မီးဖိုသည် ဓာတ်ငွေ့ကို မီးလောင်ခြင်းဖြင့် မီးရရှိသည်။

## germ ရောဂါပိုး

Germs are tiny living things that can make us ill.

ရောဂါပိုးများသည် သတ္တဝါများကို ရောဂါပေးနိုင်သော သေးငယ်သည့် ပိုးမွှားများ ဖြစ်သည်။

When you sneeze, germs shoot out of your nose and mouth.




နှာချေသောအခါ နှာခေါင်းနှင့် ပါးစပ်တို့မှ ရောဂါပိုးများ ထွက်သည်။

## germinate အစေ့မှ အညှောက်ထွက်သည်။

A germinated seed is one that has begun to grow.

အစေ့မှ အညှောက်ထွက်ပြီး အပင်ပေါက်သည်။

Seeds only need water and warmth to germinate.




အညှောက်ထွက်စေရန် ရေနှင့် ပူနွေးမှုလိုသည်။

a b c d e f g h i j k l m n o p q r s t u v w x y z

**gill** ငါးပါးဟက်

Fish breathe through their gills.
ငါးသည် ပါးဟက်မှတစ်ဆင့် အသက်ရှူသည်။

Fish take in water through their mouth and push it out through their gill slits.
ငါးသည် ပါးစပ်မှ ရေကိုယူပြီး ပါးဟက်ကြားပေါက်များမှ ပြန်ထုတ်သည်။




**glass** မှန်

Glass is a hard, shiny, see-through material.
မှန်သည် မာကျော၊ တောက်ပြောင်ပြီး ဖောက်ထွင်းမြင်ရသော အရာဝတ္ထုဖြစ်သည်။

Glass can be many different colours.
မှန်သည် အရောင်မျိုးစုံရှိ၏။



**grass** မြက်

Grasses are flowering plants that have long, thin leaves.
မြက်သည် အပွင့်ပွင့်သော ပါးလွှာရှည်လျားသည့် အပင်များ ဖြစ်သည်။

Bamboo is a type of giant grass.
ဝါးပင်သည် မြက်ပင်မျိုးနွယ် အကြီးစား ဖြစ်သည်။



**gravity** ဆွဲငင်အား

The Earth's gravity pulls everything down to the ground.
ကမ္ဘာ့ဆွဲငင်အားသည် အရာရာကို ကမ္ဘာမြေကြီးပေါ်သို့ ဆွဲချသည်။



## **grow** ကြီးထွားသည်

Living things grow and get larger.

အသက်ရှိသော အရာများသည် ရှင်သန်ကြီးထွားတတ်သည်။



Trees grow and get bigger all their lives.

သစ်ပင်များသည် သူတို့အသက် မသေမချင်း ရှင်သန်ကြီးထွားကြသည်။

## **gut** အူ၊ အူသိမ်

Your gut is where most of your food is digested.

အစာတော်တော်များများသည် အူထဲတွင် အစာခြေသည်။




# Hh




## **habitat** နေထိုင်သောနေရာ၊ ဘုံဗိမာန်

Habitat is the place where an animal or plant lives.

သတ္တဝါ၊ သို့မဟုတ် အပင်တစ်မျိုးမျိုး ရှင်သန်သောနေရာဌာနကို ၎င်း၏ နေထိုင်ရာ ဘုံဗိမာန်ဟု ခေါ်သည်။



The habitat of these birds is the cliff and seashore.

ဤငှက်များ၏ နေထိုင်ရာ ဘုံဗိမာန်သည် တောင်ထိပ် အစွန်အဖျားနှင့် ပင်လယ်ကမ်းတို့ ဖြစ်သည်။

**hair** ဆံပင်၊ အမွေး

Hairs are thin threads that grow from the skin of many animals. Some plants have hairs, too.



ဆံပင်၊ သို့မဟုတ် အမွေးသည် အရေပြားပေါ်မှပေါက်သော အမျှင်ကလေးများဖြစ်သည်။ တိရစ္ဆာန်များတွင် အမွေးရှိသကဲ့သို့ အချို့သော အပင်များတွင်လည်း အမွေးရှိသည်။

**hard** မာကျောသော

An object that cannot easily be cut or squashed is hard.

အလွယ်တကူ မဖြတ်တောက်နိုင်၊ မခြေနိုင်သော အရာဝတ္ထုများသည် မာကျောသည်။




All these materials are hard.

ဤပစ္စည်းများသည် မာကျောသည်။

**head** ခေါင်း

The head is the part of the body at the top or front.

ခေါင်းသည် ကိုယ်ခန္ဓာ၏ အပေါ်ပိုင်း၊ သို့မဟုတ် ရှေ့ပိုင်းတွင် ရှိသည်။



Most animals have their brains, eyes, ears, and mouth in their heads.

သတ္တဝါတော်တော်များများတွင် ခေါင်းပိုင်း၌ ဦးနှောက်၊ မျက်စိ၊ နားနှင့် ပါးစပ်တို့ ရှိကြသည်။

**healthy** ကျန်းမာသော

A person, animal, or plant is healthy if their body is working well.

လူ၊ သို့မဟုတ် တိရစ္ဆာန်သည် ကျန်းမာနေသောအခါတွင် သူတို့၏ ခန္ဓာကိုယ်သည် ကောင်းစွာ အလုပ်လုပ်သည်။



**heart** နှလုံး

An animal's heart pumps blood around its body.

သက်ရှိသတ္တဝါ၏ နှလုံးသည် သွေးများကို ခန္ဓာကိုယ်အနှံ့ လှည့်ပတ်ပေးသည်။



The heart is a muscle that works all the time we are alive.

နှလုံးသည် အသက်ရှင်နေသ၍ အလုပ်လုပ်လျက် ရှိသည်။

**heat** အပူ

Heat is a form of energy. Flames give off heat.

အပူသည် စွမ်းအင်တစ်မျိုးဖြစ်သည်။ မီးတောက်မီးလျှံသည် အပူပေးသည်။



The Earth is heated by the Sun. ကမ္ဘာမြေကြီးကို နေက အပူပေးသည်။

**human** လူသား

You are a human.

သင်သည် လူသားဖြစ်သည်။

All people are human.

လူမျိုးနွယ်များသည် လူသားများ ဖြစ်ကြသည်။



# I i

**IGUANA - ဖွတ်**



a b c d e f g h i j k l m n o p q r s t u v w x y z

## ice ရေခဲ

Ice is the solid form of water.

ရေသည် အေး၍ခဲသွားလျှင် ရေခဲဖြစ်သွားသည်။



Icicles, snowflakes, and a frozen pond are forms of ice.

ရေခဲပန်းဆွဲ၊ နှင်းပွင့်နှင့် ရေခဲမြစ်တို့သည်လည်း ခဲနေသောရေများဖြစ်ကြသည်။

## incubate (ဥကို)ဝပ်သည်၊ ဥဖောက်သည်



Birds incubate their eggs by keeping them warm with their bodies. Baby mammals have to be kept warm, too.

ငှက်များသည် ဥများပေါ်တွင် ဝပ်နေခြင်းဖြင့် အနွေးဓာတ်ပေးပြီး ဥကို ပေါက်စေသည်။ နို့တိုက်သတ္တဝါကလေးများသည်လည်း အနွေးဓာတ်လိုသည်။

## infect ကူးစက်သည်



If you are infected with germs they can make you ill.

ရောဂါပိုးကူးစက်လျှင် နေမကောင်း ဖြစ်သည်။

This boy is infected with chickenpox germs.

ဤလူလေးသည် ရေကျောက်ရောဂါ ကူးစက်နေသည်။

## insect ပိုးမွှား



An insect is an animal with six legs.

ပိုးမွှားသည် ခြေခြောက်ချောင်း ရှိသော သတ္တဝါဖြစ်သည်။

All insects have three parts to their body.

ပိုးမွှား၏ ခန္ဓာကိုယ်တွင် အပိုင်းသုံးပိုင်း ရှိကြသည်။

## insulate အပူကို ထိန်းထားသည်။

If you insulate a hot object you keep it warm.

အပူကို အခြားမရောက်အောင် ထိန်းထားနိုင်လျှင် အပူမပျောက်ဘဲ ရှိနေသည်။



You can use a flask to insulate a hot liquid from the cold air.

ဓာတ်ဘူးထဲတွင် ရေနွေးထည့်ထားခြင်းဖြင့် အပူကို ထိန်းထားသည်။

# J j

JELLYFISH - ဂျယ်လီငါး



## jaw မေးရိုး

The bones around the mouth are the jaw.

ပါးစပ်ပတ်ပတ်လည်ရှိ အရိုးကို မေးရိုးဟု ခေါ်သည်။

Teeth are fixed into the jaw bones.


သွားများသည် မေးရိုးများထဲတွင် စိုက်ထားခြင်းဖြစ်သည်။




## joint အဆစ်

A joint is a place where two bones are joined together.

အရိုးနှစ်ခု ဆက်သောနေရာကို အဆစ်ဟု ခေါ်သည်။




Your shoulder, elbow, wrist, and fingers are all joints.

ပခုံး၊ တံတောင်ဆစ်၊ လက်နှင့် လက်ချောင်းများတွင် အဆစ်များရှိသည်။

# K k

**KANGAROO** - သားပိုက်ကောင်



**knee** ဒူး၊ ဒူးဆစ်

Your knee is the joint between your upper leg and your lower leg.

ခြေထောက်အပေါ်ပိုင်းနှင့် အောက်ပိုင်း ဆက်သောနေရာသည် ဒူးဆစ်ဖြစ်သည်။




# L l

**LLAMA** - လားမား (ဘို့မရှိသော တောင်အမေရိက ကုလားအုတ်လေး)



**larva** ပိုးလောင်း၊ ပိုးလောက်လမ်း

A larva is the caterpillar stage in the life cycle of many insects. Larvae hatch from eggs.

ပိုးလောင်း၊ သို့မဟုတ် ပိုးလောက်လမ်းသည် ပိုးမွှားတော်တော်များများ ဖြတ်သန်းရသော အဆင့်တစ်ဆင့်ဖြစ်သည်။ ၎င်းတို့ကို ဥမှ ပေါက်သည်။



**leaf** အရွက်၊ သစ်ရွက်

Plants make food in their leaves.

အပင်များသည် အရွက်ထဲတွင် အစာချက်လုပ်ကြသည်။



Most leaves are green.

အရွက်အများစုသည် စိမ်းသည်။

## **lice** သန်း



The small insects that live in people's hair are head lice.

သန်းသည် ဆံပင်ထဲတွင် နေထိုင်သော ပိုးမွှားကလေး များ ဖြစ်သည်။

Lice suck blood and make your head itch.
သန်းသည် သွေးစုပ်ခြင်းကြောင့် ခေါင်းကို ယားယံခြင်းဖြစ်စေသည်။

## **life cycle** ဘဝသံသရာလည်ခြင်း

A life cycle is a made up of the stages of a living thing's life.




သက်ရှိသတ္တဝါ၏ ဘဝတစ်လျှောက် အဆင့်ဆင့်ပြောင်းလဲခြင်းကို ဘဝသံသရာလည်ခြင်းဟု ခေါ်သည်။

The life cycle of a butterfly has four stages.

လိပ်ပြာ၏ ဘဝဖြစ်စဉ်တွင် အဆင့် လေးဆင့်ရှိသည်။

## **light** အလင်း

Light is a form of energy that we can see with our eyes.

အလင်းသည် မျက်စိဖြင့် မြင်ရသော စွမ်းအင်ဖြစ်သည်။



Light comes from many sources.


အလင်းကို နေရာအမျိုးမျိုးမှ ရရှိနိုင်သည်။

a b c d e f g h i j k l m n o p q r s t u v w x y z

**limb** ခြေတံလက်တံ

A limb is the arm or leg of an animal.

ခြေတံလက်တံသည် တိရစ္ဆာန် ကိုယ်ခန္ဓာ၏ တစ်စိတ်တစ်ပိုင်း ဖြစ်သည်။



**liquid** အရည်

Liquids can flow. The surface of a liquid is level.


အရည်သည် စီးဆင်းနိုင်သော ဂုဏ်သတ္တိရှိသည်။ အရည်၏မျက်နှာပြင်သည် ညီနေသည်။



**lungs** အဆုတ်

Many animals breathe air through lungs. Some tiny animals, such as insects, do not have lungs.

တိရစ္ဆာန်တော်တော်များများသည် အဆုတ်မှတစ်ဆင့် အသက်ရှူကြသည်။ ပိုးမွှားကဲ့သို့သော အလွန်သေးမွှားသော တိရစ္ဆာန်များတွင် အဆုတ်မရှိပါ။




# Mm

**MOLE - ပွေး**



**machine** ယန္တရား၊ စက်

Machines help us do work.


လူတို့ အလုပ်လုပ်ရာတွင် စက်က ကူညီသည်။



**magnet** သံလိုက်

Magnets attract iron and steel. Two magnets can attract or repel each other.

သံနှင့် သံမဏိကို သံလိုက်က ဆွဲယူသည်။ သံလိုက်နှစ်ခုသည် တစ်ခုကို တစ်ခု ဆွဲယူနိုင်သည်။ သို့မဟုတ် တွန်းကန်နိုင်သည်။




**magnify** ပုံကြီးချဲ့သည်

When a small object is magnified it looks bigger.

သေးငယ်သောပစ္စည်းများကို ပုံကြီးချဲ့ခြင်းဖြင့် ကြီးသည့်ပုံ မြင်ရသည်။



**male** အထီး

Male animals fertilize the female's eggs.

တိရစ္ဆာန်အထီးများသည် အမများကို ဥများဥရန် ကူညီသည်။



The cockerel fertilizes the hen's eggs.

ကြက်မလေးသည် ကြက်ဖနှင့်ရသောဥကို ကြီးထွားအောင် ဝပ်ပေးသည်။

**mammal** နို့တိုက်သတ္တဝါ

Mammals are furry or hairy animals. Mammal mothers feed their young on their milk.

နို့တိုက်သတ္တဝါများ၏ ကိုယ်ပေါ်တွင် အမွေးရှိသည်။ သူတို့၏ ကလေးများကို မိခင်က နို့တိုက်သည်။



a b c d e f g h i j k l m n o p q r s t u v w x y z

## manufactured စက်ရုံမှ ထုတ်လုပ်သော



Things that are made in factories are manufactured.

ပစ္စည်းများကို စက်ရုံများမှ ထုတ်လုပ်သည်။

These objects are made from plastic or metal, which are both manufactured materials.

ဤပစ္စည်းများသည် ပလတ်စတစ်၊ သို့မဟုတ် သတ္တုကုန်ကြမ်းဖြင့် ထုတ်လုပ်ထားသော ပစ္စည်းများဖြစ်သည်။

## material ဝတ္ထုပစ္စည်း



Material is the stuff that objects are made from.

ဝတ္ထုပစ္စည်းဆိုသည်မှာ ပစ္စည်းထုတ်လုပ်ရန်အတွက် သုံးရသော အရာဝတ္ထုဖြစ်သည်။

Cloth, plastic, and wood are all types of material.

အဝတ်စ၊ ပလတ်စတစ်နှင့် သစ်တို့သည် ဝတ္ထုပစ္စည်းများ ဖြစ်ကြသည်။

## medicine ဆေးဝါး



Drugs that make you better are called medicines.

နေမကောင်းဖြစ်လျှင် သုံးစွဲရသော ဆေးများကို ဆေးဝါးဟု ခေါ်သည်။

## melt အရည်ပျော်သည်



When solids turn to liquid, they melt.

အစိုင်အခဲသည် ပျော်သွားလျှင် အရည်ဖြစ်သွားသည်။

Solid ice cream melts quickly when it is warm.

ရေခဲမုန့်သည် ပူလျှင် မြန်မြန် အရည်ပျော်သည်။

## **metal** သတ္တု

Metals are hard, shiny, and cold to the touch.

သတ္တုသည် မာပြီး အရောင်တောက်ကာ ထိမိလျှင် အေးသောခံစားမှုကို ဖြစ်စေသည်။

Some metal objects ring when you hit them.

အချို့သောသတ္တုများကို ရိုက်ခတ်လျှင် အသံမြည်သည်။



## **microscope** အဏုကြည့်မှန်ပြောင်း

Looking through a microscope makes really tiny objects look bigger.

အဏုကြည့်မှန်ပြောင်းဖြင့် အလွန်သေးမွှားသော အရာကိုကြည့်လျှင် အကြီးကြီးမြင်ရသည်။

Even an insect's legs look big under a microscope.



ပိုးမွှား၏ခြေချောင်းများကို အဏုကြည့်မှန်ပြောင်းဖြင့် ကြည့်ပါက အကြီးကြီးမြင်ရသည်။

## **milk** နို့၊ နို့ရည်

Young mammals drink milk from their mother's body.

ကလေးများသည် မိခင်၏ နို့ရည်ကို စို့ကြသည်။



## **minibeast** ကျောရိုးမဲ့သတ္တဝါ

Minibeasts are small animals. They do not have bones inside them.

ကျောရိုးမရှိသော သတ္တဝါများသည် ကိုယ်ခန္ဓာ သေးငယ်ကြသည်။ သူတို့တွင် အရိုးမရှိပါ။




Most minibeasts have a hard covering.

ကျောရိုးမဲ့သတ္တဝါအများစု၏ အခွံသည် မာကြသည်။

## mirror မှန်

A surface that shows a reflection acts as a mirror.

မှန်သည် အလင်းပြန်၍ ပုံရိပ်ကို မြင်ရသော မျက်နှာပြင်ဖြစ်သည်။




Many shiny surfaces show reflections.

အရောင်တောက်ပသော မျက်နှာပြင်များသည်လည်း အလင်းပြန်သည်။

## moon လ

The Moon is a rocky ball that goes round the Earth. Other planets have moons going round them, too.


လသည် ဘောလုံးပုံ ကျောက်တုံးကြီးဖြစ်ပြီး ကမ္ဘာကို လှည့်ပတ်နေသည်။ အခြားသောဂြိုဟ်များတွင်လည်း သူတို့ကို လှည့်ပတ်နေသော လများရှိကြသည်။



## motor အင်ဂျင်စက်၊ မော်တာ

Motors are machines that are used to move objects.

မော်တာသည် စက်ဖြစ်ပြီး အရာဝတ္ထုများ ရွေ့လျားရန်အတွက် သုံးသည်။



Many forms of transport use motors.

သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် မော်တာကို သုံးသည်။

## mould မှို

A tiny fungus which grows on other living things is called mould.

အလွန်သေးငယ်သော မှိုသည် သက်ရှိပစ္စည်းပေါ်သို့ တက်ပါက ၎င်းကို မှိုတက်သည်ဟု ခေါ်သည်။



Mouldy foods can be bad for us, but blue cheeses are made mouldy on purpose.

အစားအသောက်ပေါ်တွင် မှိုတက်ပါက မကောင်းပါ။ သို့သော် အပြာရောင် ဒိန်ခဲကို မှိုတက်အောင် တမင်ပြုလုပ်ရပါသည်။

**mouth** ပါးစပ်

A mouth is an opening on the head that is used for eating and breathing.

ပါးစပ်ကို အစာစားရန်နှင့် အသက်ရှူရန် အသုံးပြုသည်။



Many animals have teeth in their mouths, and some have long tongues.

တိရစ္ဆာန်များ၏ ပါးစပ်ထဲတွင် သွားများရှိပြီး တချို့မှာ ရှည်သောလျှာ ရှိသည်။

**muscle** ကြွက်သား

Muscles are parts of your body that pull on your bones so you can move.

ကြွက်သားသည် လူ၏ခန္ဓာရှိ အစိတ်အပိုင်းများဖြစ်သည်။ လှုပ်ရှားမှုပြုလုပ်ရာတွင် ကြွက်သားသည် လူ၏အရိုးများကို ဆွဲထားသည်။



Your legs have big muscles.

သင်၏ခြေထောက်တွင် ကြီးမားသော ကြွက်သားရှိသည်။

# Nn

**NEWT** - ရေပုတ်သင်



**natural** သဘာဝ

Something is said to be natural if it happens without human help. The plants in a rainforest grow naturally.

လူ၏လုပ်ဆောင်မှုမပါဘဲ သဘာဝအတိုင်းဖြစ်သော ပစ္စည်းများ ရှိသည်။ အမြဲစိမ်းသစ်တောထဲတွင် ပေါက်ရောက်နေသော အပင်များသည် သဘာဝအတိုင်း ရှင်သန်ကြသော အပင်များဖြစ်သည်။



All these are natural objects.

ဤပစ္စည်းများသည် သဘာဝအလျောက်ဖြစ်သော ပစ္စည်းများဖြစ်သည်။

a b c d e f g h i j k l m n o p q r s t u v w x y z

a
b
c
d
e
f
g
h
i
j
k
l
m
n
o
p
q
r
s
t
u
v
w
x
y
z

**neck** လည်ပင်း

A head and body are joined by a neck.

ခေါင်းနှင့်ကိုယ်ကို လည်ပင်းနှင့် ဆက်ထားသည်။



Giraffes have longer necks than zebras so they can eat food from the tree tops.

သစ်ကုလားအုတ်၏ လည်ပင်းသည် မြင်းကျား၏ လည်ပင်းထက် ရှည်သည်။ ထို့ကြောင့် သစ်ပင်ထိပ်ဖျားရှိ သစ်ရွက်များကို စားနိုင်သည်။

**night** ည

Night is the time when it is dark because the Sun is shining on the other side of the world.

ညသည် မှောင်မိုက်နေသော အချိန်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် နေသည် ကမ္ဘာ၏ အခြားဘက်ခြမ်းတွင် ကျရောက်နေသဖြင့် ဖြစ်သည်။



At night, we can see stars far away in space.

ညအခါတွင် ကောင်းကင်၌ ကြယ်များကို မြင်နိုင်သည်။

**non-living** သက်မဲ့

Something that has never been alive is non- living.

အသက်မရှိသော ပစ္စည်းများကို သက်မဲ့ဟု ခေါ်သည်။



Rock, metal, and glass have never been alive.

ကျောက်ခဲ၊ သတ္တုနှင့် မှန်တို့သည် သက်မဲ့များ ဖြစ်ကြသည်။

**nose** နှာခေါင်း

Many animals have a nose on the  front of their head. They use it for smelling.

တိရစ္ဆာန်များ၏ မျက်နှာတွင် နှာခေါင်း ရှိသည်။ နှာခေါင်းကို အနံ့ခံရန်အတွက် သုံးသည်။

Rescue dogs can smell people buried under the snow.



အသက်ကယ်ခွေးများသည် နှင်းဖုံးအုပ်နေသော လူများ၏ အနံ့ကို ခံနိုင်သည်။

# Oo

**OCTOPUS - ရေဘဝဲ**



## **offspring** သားပေါက်

Offspring are the young of an animal.

တိရစ္ဆာန်ငယ်လေးများကို သားပေါက်များဟု ခေါ်သည်။




A horse's offspring is called a foal.

မြင်းသားပေါက်များကို မြင်းကလေးများဟု ခေါ်သည်။

## **opaque** ဖောက်ထွင်း၍ မမြင်ရသော

An object is opaque if you cannot see through it.

အချို့အရာဝတ္ထုများကို ဖောက်ထွင်း၍ မမြင်ရပါ။




Curtains are opaque. You cannot see through them.

ခန်းဆီးသည် ဖောက်ထွင်း၍ မမြင်ရပါ။

## **organ** ကိုယ်အင်္ဂါအစိတ်အပိုင်း

Organs in your body include your brain, heart, lung, stomach, and kidneys.

ကိုယ်အင်္ဂါအစိတ်အပိုင်းများတွင် ဦးနှောက်၊ နှလုံး၊ အဆုတ်၊ ဝမ်းဗိုက်နှင့် ကျောက်ကပ်များ ပါဝင်သည်။




Your skin is the largest organ of the body.

အရေပြားသည် ခန္ဓာကိုယ်၏ အကြီးဆုံးကိုယ်အင်္ဂါအစိတ်အပိုင်းဖြစ်သည်။

**oxygen** အောက်ဆီဂျင်

One of the gases in the air is oxygen.

အောက်ဆီဂျင်သည် လေထဲတွင် ပါဝင်သော ဓာတ်တစ်မျိုး ဖြစ်သည်။

Animals need oxygen to stay alive.



တိရစ္ဆာန်တို့သည် အသက်ရှင်နေနိုင်ရန် အောက်ဆီဂျင်လိုအပ်သည်။

# Pp

**PEACOCK** - ဒေါင်း



**paper** စက္ကူ

Paper is made by mashing up wood with water and squashing it into flat sheets.

စက္ကူကို သစ်သားမှ ထုတ်လုပ်သည်။



We use paper to print on, as kitchen roll, and as toilet paper.

စက္ကူကို စာအုပ်များ ပုံနှိပ်ထုတ်ဝေခြင်း၊ မီးဖိုချောင်သုံး စက္ကူလိပ်များ ပြုလုပ်ခြင်းနှင့် ရေအိမ်သုံးစက္ကူများ ထုတ်လုပ်ခြင်းတို့တွင် သုံးသည်။

**parachute** လေထီး

A parachute helps to slow the speed of a falling object.

လေထီးသည် အရာဝတ္ထုကို လေထဲမှ မြေပေါ်သို့ ပြုတ်ကျရာတွင် အရှိန်နှေးစေရန် ထိန်းပေးသည်။



People and parcels reach the ground safely with parachutes.

လူနှင့် ပစ္စည်းများသည် လေထီး၏ အကူအညီဖြင့် မြေပေါ်သို့ ချောမောစွာ ရောက်ရှိသည်။

**paw** တိရစ္ဆာန်၏ခြေဖဝါး

Many animals have paws on the ends of their legs.

တိရစ္ဆာန်တို့၏ ခြေထောက် အဆုံးတွင် ခြေဖဝါးရှိသည်။



**petal** ပွင့်ချပ်

Petals are the outer part of a flower. They may be brightly coloured.

ပွင့်ချပ်သည် ပန်းပွင့်အပြင်ပိုင်း ဖြစ်သည်။ ပွင့်ချပ်၏ အရောင်သည် တောက်ပနိုင်သည်။



Some flowers have more petals than others.

အချို့ပန်းများတွင် ပွင့်ချပ်အရေအတွက် များသည်။

**plant** အပင်

Living things that make their food using sunlight are called plants.

နေရောင်ခြည်ကိုသုံး၍ အစာချက်သော သက်ရှိများကို အပင်ဟု ခေါ်သည်။



Trees, grass, and bushes are types of plant.

သစ်ပင်၊ မြက်ပင်နှင့် ချုံပင်တို့မှာ အပင်မျိုးနွယ်များဖြစ်သည်။

**plastic** ပလတ်စတစ်

Plastic is a material made from oil.

ပလတ်စတစ်ကို ဆီကုန်ကြမ်းမှ တစ်ဆင့် ထုတ်လုပ်သည်။



Plastic can be made into many different shapes.

ပလတ်စတစ်ကို ပုံစံအမျိုးမျိုး ပြုလုပ်၍ ရသည်။

**poison** အဆိပ်

A poison can make you ill or even kill you if you eat or drink it.

အဆိပ်ကို စားမိလျှင်၊ သို့မဟုတ် သောက်မိလျှင် နေမကောင်းဖြစ်ပြီး အသက်ပါ ဆုံးရှုံးစေသည်။

There are poisonous chemicals in every home.


အိမ်တိုင်းတွင် အဆိပ်ဖြစ်စေသော ဓာတုပစ္စည်းများ ရှိသည်။



**pole** ဆန့်ကျင်ဘက်အစွန်း

The poles of a magnet are at the ends.

သံလိုက်၏ ဆန့်ကျင်ဘက်အစွန်းသည် ထိုသံလိုက်၏ အစွန်းများတွင် ရှိသည်။




The north pole of one magnet attracts the south pole of another magnet.

သံလိုက်၏ မြောက်ဘက်အစွန်းသည် အခြားသံလိုက်၏ တောင်ဘက်အစွန်းကို ဆွဲယူသည်။

**pollen** ပန်းဝတ်မှုန်

Pollen is spread from flower to flower to make new seeds.

ပန်းပွင့်များရှိ ပန်းဝတ်မှုန်များသည် အခြားပန်းပွင့်ဆီသို့ ပျံ့နှံ့ကာ မျိုးစေ့များ ချပေးသည်။

Bees take pollen from one flower to another.

ပျားသည် ပန်းဝတ်မှုန်များကို ပန်းပွင့်တစ်ပွင့်မှ တစ်ပွင့်ဆီသို့ သယ်ဆောင်၍ မျိုးပွားသည်။



**powder** ပေါင်ဒါ၊ အမှုန့်

A powder is made of tiny grains of dry material.

ခြောက်သွေ့သော သီးနှံ၏ အစေ့လေးများကို ကြိတ်လိုက်လျှင် အမှုန့်ဖြစ်သွားသည်။




Sugar and flour are powders.

သကြားနှင့် ဂျုံတို့သည် အမှုန့်များဖြစ်သည်။

## **prey** သားကောင်

Prey animals are ones that are hunted and eaten by other animals.

အခြားတိရစ္ဆာန်များက လိုက်လံ ဖမ်းဆီးပြီး စားသောက်ခြင်း ခံရသော တိရစ္ဆာန်ကို သားကောင်ဟု ခေါ်သည်။



The mouse is prey for the cat.

ကြွက်သည် ကြောင်၏ သားကောင် ဖြစ်သည်။

## **pupa** ပိုးတုံးလုံး

A caterpillar makes a pupa. The caterpillar rests inside the pupa as it changes into a flying insect.

ခူကောင်မှ ပိုးတုံးလုံးဖြစ်သည်။ ခူကောင်သည် ပိုးတုံးလုံးထဲတွင်နေပြီး လိပ်ပြာအသွင်သို့ ကူးပြောင်းသည်။

A butterfly pupa is called a chrysalis.




လိပ်ပြာမဖြစ်မီ ပိုးတုံးလုံးဘဝတွင် နေရသည်။

## **pupil** မျက်စိသူငယ်အိမ်

The dark part of the eye is a hole called the pupil.

မျက်စိထဲရှိ အနက်ရောင် အပိုင်းကို မျက်စိသူငယ်အိမ် ဟု ခေါ်သည်။




The pupil lets light into the eye.

မျက်စိသူငယ်အိမ်မှ အလင်းဝင်သည်။

## **pus** ပြည်

Pus is a thick yellow liquid that forms in infected cuts and spots.

ပြည်သည် အဝါရောင်ပျစ်ချွဲချွဲ အရည်ဖြစ်သည်။ ထိခိုက်ဒဏ်ရာရပြီး ရောဂါပိုးဝင်လျှင် ပြည်တည်တတ်သည်။



a b c d e f g h i j k l m n o p q r s t u v w x y z

# Qq

**QUETZAL - ကွယ်ဇဲလ်ငှက်**



## queen ဘုရင်မ

Insects that live in big groups, such as ants and bees, have queens. The queen lays all the eggs.

အစုအဝေးနှင့် နေထိုင်ကြသော ပိုးမွှား များဖြစ်သော ပုရွက်ဆိတ်နှင့် ပျားတို့တွင် ဘုရင်မများ ရှိကြသည်။ ပျားဘုရင်မ များသည် ဥများအားလုံးကို ဥပေးသည်။



*queen bee*
ပျားဘုရင်မ

# Rr



**RABBIT - ယုန်**

## rain မိုး

Rain is drops of water falling from clouds.

မိုးသည် တိမ်များမှ ကျလာသော ရေစက်ရေပေါက်များ ဖြစ်သည်။



**rainbow** သက်တံ

Rainbows form when sunlight shines through raindrops.

မိုးပေါက်များဆီသို့ နေ၏အလင်းရောင် ဖြတ်သွားသောအခါ သက်တံဖြစ်ပေါ်လာသည်။



Sunlight is split into many colours when it shines through drops of water.

နေရောင်ခြည်သည် ရေစက်ကလေးများကို ဖြတ်သွားသောအခါ အရောင်များ ကွဲထွက်သည်။

**reflect** အလင်းပြန်သည်


Shiny objects reflect light.

အရောင်တောက်သော ပစ္စည်းများသည် အလင်းပြန်သည်။



**repel** တွန်းကန်သည်

Magnets repel when they push each other away.




သံလိုက်များသည် မြောက်ဝင်ရိုးစွန်းအချင်းချင်း၊ သို့မဟုတ် တောင်ဝင်ရိုးစွန်းအချင်းချင်း ထိလျှင် ပြန်၍ တွန်းကန်သည်။

**reproduce** မျိုးပွားသည်

Living things reproduce when they have babies, or make seeds that grow, or lay eggs that hatch.

သက်ရှိများသည် ကလေးမွေးခြင်း၊ သို့မဟုတ် မျိုးစေ့များ ပွားခြင်း၊ သို့မဟုတ် ဥများဥခြင်းဖြင့် မျိုးပွားသည်။



a
b
c
d
e
f
g
h
i
j
k
l
m
n
o
p
q
r
s
t
u
v
w
x
y
z

**reptile** တွားသွားသတ္တဝါ

Reptiles are animals with dry scaly skin. They lay eggs with leathery shells.

ခြောက်သောအကြေးခွံရှိသော သတ္တဝါကို တွားသွားသတ္တဝါဟု ခေါ်သည်။ ၎င်းတို့သည် သားရေကဲ့သို့ အခွံရှိသော ဥများဥသည်။




Crocodiles and snakes are both reptiles.
မိကျောင်းနှင့် မြွေတို့သည် တွားသွားသတ္တဝါများ ဖြစ်သည်။

**rib** နံရိုး

Ribs are the bones protecting your chest.

ရင်ဘတ်ကို ကာကွယ်ထားသော အရိုးများကို နံရိုးဟု ခေါ်သည်။

*ribs*
နံရိုး



**rock** ကျောက်တုံး

The Earth is made of hard rock.

ကမ္ဘာကို မာကျောသော ကျောက်တုံးဖြင့် တည်ဆောက်ထားသည်။



**root** အမြစ်

Roots anchor plants in the ground. Plants take in water through their roots.

အပင်၏အမြစ်များသည် မြေကြီးထဲတွင် တွယ်လျက်ရှိသည်။ ထိုအမြစ်များမှတစ်ဆင့် ရေ ရရှိကြသည်။




We eat some plant roots.
အချို့အပင်မှ အမြစ်များကို စား၍ရသည်။

**rust** သံချေးတက်သည်

When iron rusts, it gets a reddish-brown covering.

သံကို သံချေးတက်သော် နီညိုရောင် အမှုန်များ ဖုံးသွားသည်။



Water and air cause iron to rust.

ရေနှင့် လေသည် သံကို သံချေးတက်စေသည်။

# Ss

**SWAN - ငန်း**



**salt** ဆား

Salt is powdered rock that we sprinkle on food.

ဆားသည် အမှုန့်ကြိတ်ထားသော ကျောက်တုံးဖြစ်သည်။ အစားအစာပေါ်တွင် ဖြူး၍ စားသည်။




Salt is also put on roads in winter, to melt the snow and ice.

ဆောင်းရာသီတွင် လမ်းများပေါ်၌ ဆားများကြဲထားသဖြင့် ရေခဲနှင့် နှင်းများကို ပျော်စေသည်။

**season** ရာသီ

In Europe the four seasons are winter, spring, summer and autumn.

ဥရောပတိုက်တွင် ရာသီ ၄ မျိုး ရှိသည်။ ဆောင်း၊ နွေဦး၊ နွေ နှင့် ဆောင်းဦးတို့ ဖြစ်သည်။



Hot countries may only have dry and wet seasons.

ပူနွေးသောနိုင်ငံများတွင် ခြောက်သွေ့သောရာသီနှင့် စိုစွတ်သောရာသီဟူ၍ နှစ်မျိုးနှစ်စားရှိသည်။

**seed** အစေ့

Seeds are dry objects from which a new flowering plant will sprout.

အစေ့ကို ခြောက်သွေ့အောင်ထားပြီးမှ စိုက်ပျိုး ရသည်။




These seeds will grow into new sunflowers.

ဤအစေ့များသည် နေကြာပန်းပင်များအဖြစ် ပြန်ရှင်သန်ကြမည်ဖြစ်သည်။

**seedling** ပျိုးပင်

The tiny plant that grows after a seed has sprouted is a seedling.

အစေ့မှ အညှောက်ထွက်ပြီးနောက် ပေါက်လာသော အပင်ငယ်လေးကို ပျိုးပင်ဟု ခေါ်သည်။



**senses** အာရုံများ

Our five senses are sight, hearing, touch, smell, and taste.


အာရုံငါးပါးမှာ အမြင်အာရုံ၊ အကြား အာရုံ၊ အတွေ့အထိအာရုံ၊ အနံ့ အာရုံနှင့် ရသာအာရုံတို့ ဖြစ်သည်။




**sex** ဖိုမသဘာဝ၊ လိင်

The two sexes are male and female.

အဖိုနှင့် အမဟူ၍ လိင်နှစ်မျိုးရှိသည်။



In many birds the male is more colourful.

အချို့ငှက်များသည် အထီးက အမထက် ပို၍ လှသည်။

## **shadow** အရိပ်

The dark area where light is blocked is a shadow.

အလင်းရောင်ကို ကာဆီးထားသဖြင့် အရိပ်ထင်နေသည်။



## **shell** အခွံ

Shells are the hard outer coverings of snails and some sea animals.

ခရုနှင့် အချို့သော ရေသတ္တဝါတို့၏ ကိုယ်တွင် အခွံမာဖြင့် ဖုံးထားသည်။



## **silhouette** အရိပ်မည်း

A strong shadow made by an object is called a silhouette.

မှောင်ထဲတွင် တစ်စုံတစ်ခုကို ပုံသဏ္ဍာန်ထင်ဟပ်စေသော အရိပ်ဖြစ်စေသည်။



## **skeleton** အရိုးစု

A skeleton is a frame for the soft parts of the body.

အရိုးစုသည် လူ၏ပျော့ပျောင်းသော အပိုင်းများ၏ ပုံသဏ္ဍာန်ကို ဖော်ပြသော ဘောင်ဖြစ်သည်။

Your skeleton looks like this.

လူ၏အရိုးစုသည် ဤပုံအတိုင်းဖြစ်သည်။



a b c d e f g h i j k l m n o p q r s t u v w x y z

a b c d e f g h i j k l m n o p q r s t u v w x y z

## skin အရေပြား

Skin is the body's outer covering.

အရေပြားသည် ကိုယ်ခန္ဓာကို အပေါ်မှ ဖုံးထား သောအရာဖြစ်သည်။

Rhinoceroses have very thick, folded skin.

ကြံ့သည် အလွန်ထူပြီး ခေါက်၍ရသော အရေပြား ရှိသည်။



## skull ဦးခေါင်းခွံ

The skull is the hard case of bone that protects the brain.

ဦးခေါင်းခွံသည် အလွန်မာသော အရိုးခွံဖြစ်ပြီး ဦးနှောက်ကို မထိခိုက်စေရန် ကာကွယ်ပေးသည်။

Many animals have a skull.

တိရစ္ဆာန်တော်တော်များများတွင် ဦးခေါင်းခွံရှိသည်။



လူဦးခေါင်းခွံ *human skull*

မြင်းဦးခေါင်းခွံ *horse skull*

## snow နှင်း

Snow is frozen water crystals.

နှင်းသည် ခဲနေသော ရေခဲ ပုံဆောင်ခဲများ ဖြစ်သည်။



## soil မြေဆီလွှာ

Soil is a mixture of ground up rock and the remains of dead plants and animals.

မြေဆီလွှာဆိုသည်မှာ မြေပေါ်ရှိ ကျောက်ခဲများ၊ အပင်ဆွေးများ၊ သစ်ရွက်ခြောက်များနှင့် တိရစ္ဆာန်တို့၏ ရုပ်ကြွင်းများကို ရောထားခြင်း ဖြစ်သည်။



## solid အစိုင်အခဲ

Solid objects keep their shape. Solids can be cut and joined.

အစိုင်အခဲသည် ပုံသဏ္ဍာန်ရှိသည်။ ထိုအစိုင်အခဲကို ဖြတ်တောက်၍ရသည်။ ဆက်၍ရသည်။



These are all solid.

ဤအရာများသည် အစိုင်အခဲများဖြစ်သည်။

## sort အမျိုးအစားခွဲခြားသည်

When you sort a set of objects you put them in groups.

ပစ္စည်းများကို တူညီသော အမျိုးအစားအလိုက် ခွဲခြားပြီး အုပ်စုလိုက်ထားနိုင်သည်။



## sound အသံ

Sound is caused by vibrations. You hear sound with your ears.

အသံသည် တုန်ခါမှုမှ ဖြစ်ပေါ်လာသည်။ အသံကို နားနှင့် ကြားရသည်။



When you hit a drum it vibrates and makes a sound.

ဗုံကို တီးသောအခါ တုန်ခါမှုဖြစ်ပြီး အသံပေါ်ထွက်လာသည်။

## star ကြယ်

Stars are suns that are so far away they look like tiny points of light in the night sky.



ကြယ်သည် နေများဖြစ်ပြီး ကမ္ဘာမှ အလွန်ဝေးကွာသော နေရာတွင် ရှိသည်။ ထို့ကြောင့် ညအခါ ကောင်းကင်တွင် အလွန်သေးငယ်သော အလင်းပြောက်ကလေးများဟု ထင်ရသည်။

The Sun is our closest star.

နေသည် ကမ္ဘာနှင့် အနီးဆုံးကြယ် ဖြစ်သည်။

## **stem** ရိုးတံ၊ ရွက်တံ

The stem is the stiff part of a plant which holds the leaves.

အပင်ငယ်များ၏ ရိုးတံသည် မာကျောသော အပိုင်းဖြစ်ပြီး အရွက်များကို တွယ်ထားသည်။




## **stomach** ဝမ်းဗိုက်၊ အစာအိမ်

Your stomach is the bag into which food goes after you have swallowed it.

အစာအိမ်သည် စားလိုက်သော အစာများကို လက်ခံသောအိတ် ဖြစ်သည်။




## **stretch** ဆွဲဆန့်သည်

When an object is pulled and gets longer it is stretched.

အရာဝတ္ထုတစ်ခုကို ဆွဲဆန့်လိုက်လျှင် ပို၍ ရှည်လာသည်။



## **strong** ခိုင်သည်

Objects which cannot be broken easily are strong.

လွယ်လွယ်နှင့် မကျိုးမပဲ့သော ပစ္စည်းသည် ခိုင်သည်။



The bridge is strong enough to carry the elephant.

တံတားသည် ဆင်တစ်ကောင် ဖြတ်နိုင်လောက်အောင် ခိုင်သည်။

**sun** နေ

The Sun is a huge ball of burning gas. It gives us light and heat.

နေသည် အလွန်ကြီးသော မီးတောက် မီးလျှံ ဘောလုံးကြီးဖြစ်သည်။ ထိုမှ အလင်းနှင့် အပူကို ပေးသည်။



**sweat** ချွေး

Sweat is the water which leaks out of your skin when you are hot.

ပူသောအခါ ကိုယ်ခန္ဓာရှိ အရေပြားထဲမှ ချွေးများထွက်သည်။

Sweat cools you down after you have been running.




ပြေးလိုက်လျှင် ချွေးများထွက်ပြီး အေးသွားသည်။

**switch** လျှပ်စစ်မီးခလုတ်


A switch can turn electricity on and off.

လျှပ်စစ်မီးခလုတ်သည် လျှပ်စစ်ကို စီးဆင်းခြင်းနှင့် လျှပ်စစ်ပြတ်တောက်ခြင်းကို ဖြစ်စေသည်။




# T t

**TORTOISE** - လိပ်



a b c d e f g h i j k l m n o p q r s t u v w x y z



**tears** မျက်ရည်

Tears are water which leaks out of your eyes when you are sad or in pain.

မျက်ရည်သည် ဝမ်းနည်းသောအခါ၊ သို့မဟုတ် နာကျင်သော အခါတွင် မျက်လုံးထဲမှ စီးကျလာသော အရည်ဖြစ်သည်။

Some people cry when they are very happy!

တချို့လူများသည် အလွန်ပျော်လျှင် ငိုကြသည်။





**teeth** သွား

Teeth are the hard parts in a mouth which are used to chew food.

ပါးစပ်ထဲရှိ သွားသည် အလွန်မာသည်။ သွားဖြင့် အစားအစာများကို ကြေညက်အောင် ဝါးရာတွင် သုံးသည်။

Lions have big teeth to hold on to their prey.

ခြင်္သေ့တွင် သားကောင်များကို ဖမ်းယူစားနိုင်သည့် ကြီးမားသော သွားများရှိသည်။

**telescope** အဝေးကြည့်မှန်ပြောင်း

Telescopes are long tubes with special magnifying glasses at each end.



အဝေးကြည့်မှန်ပြောင်းသည် အထူးပြု မှန်ဘီလူး နှစ်ခုကို အလွန်ရှည်သော ပြွန်ချောင်း၏ အဆုံး နှစ်ဖက်တွင် တပ်ထားခြင်းဖြစ်သည်။

Telescopes make faraway objects seem much nearer.

အဝေးကြည့်မှန်ပြောင်းသည် အဝေးမှအရာဝတ္ထုများကို နီးသည်ဟု ထင်မှတ်စေသည်။

**temperature** အပူချိန်ဒီဂရီ

Temperature is a measure of how hot something is.




အပူချိန်ဒီဂရီဆိုသည်မှာ တစ်စုံတစ်ခု မည်မျှပူသည်ကို ဖော်ပြသော အတိုင်းအတာဖြစ်သည်။

**textile** ရက်လုပ်ထားသောအဝတ်

Textile is another word for a fabric.

အဝတ်အထည်များသည် ရက်လုပ်ထားသော အဝတ်များဖြစ်သည်။





One of these fabrics is knitted. The other is woven.

ဖော်ပြပါအဝတ်စများတွင် အချို့သည် လက်ဖြင့် ရက်လုပ်ထားပြီး အချို့မှာ စက်ဖြင့် ရက်လုပ်သည်။

**throat** လည်ချောင်း၊ လည်မျို

Your throat connects your mouth to your stomach and lungs.

လည်ချောင်းသည် ပါးစပ်နှင့် အစာအိမ်၊ အဆုတ်တို့ကို ဆက်သွယ်ပေးသည်။




**transparent** ထိုးဖောက်မြင်ရသော

Transparent objects are see-through.

မှန်သည် ထိုးဖောက်မြင်ရသော အရာဖြစ်သည်။



**tree** သစ်ပင်

Trees are large woody plants with a trunk.

သစ်ပင်သည် ပင်စည်ရှိပြီး ကြီးမားသော အပင်ဖြစ်သည်။




Evergreen trees keep their leaves all year round. Deciduous trees lose their leaves in winter.

အမြဲစိမ်းသစ်တောရှိ သစ်ရွက်များသည် တစ်နှစ်ပတ်လုံး စိမ်းစိုလျက်ရှိသည်။ အချို့သော သစ်ပင်များမှာ ဆောင်းရာသီတွင် အရွက်ကြွေသည်။

a
b
c
d
e
f
g
h
i
j
k
l
m
n
o
p
q
r
s
t
u
v
w
x
y
z

## tummy ဗိုက်

Your tummy is under your chest. Another word for tummy is abdomen.

ဗိုက်သည် ရင်ဘတ်၏အောက်ဘက်တွင် ရှိသည်။ ဗိုက်ကို ဝမ်းဗိုက်ဟုလည်း ခေါ်သည်။




An insect's abdomen is the end part of its body.

ပိုးမွှားများ၏ ဝမ်းဗိုက်သည် သူတို့ကိုယ်ခန္ဓာ၏ နောက်ဆုံးပိုင်းတွင် ရှိသည်။

# Uu



**UMBRELLA BIRD - ထီးပုံစံငှက်**

## urine ဆီး

Urine is the waste water we pass out of our bodies.

ကိုယ်ခန္ဓာမှ စွန့်ပစ်သော အရည်သည် ဆီးဖြစ်သည်။



# Vv



**VULTURE - လင်းတ**

**vein** သွေးပြန်ကြော

Veins carry blood around the body.

သွေးပြန်ကြောသည် ကိုယ်ခန္ဓာ တစ်လျှောက် သွေးများကို သယ်ဆောင်ပေးသည်။

Vein look blue.

သွေးပြန်ကြောသည် အပြာရောင်ဖြစ်သည်။




**vibration** တုန်ခါခြင်း

When an object vibrates it goes quickly backwards and forwards.


အရာဝတ္ထုတစ်ခု တုန်ခါမှုဖြစ်လျှင် ထိုအရာဝတ္ထုသည် ရှေ့တိုးနောက်ဆုတ် လျှင်မြန်စွာ ဖြစ်သည်။



**volume** အသံအတိုးအကျယ်

Very noisy things have a high sound volume.

ဆူညံသောအရာများသည် အလွန်ကျယ်သော အသံထွက်သည်။



# Ww

**WALRUS** - အစွယ်ရှိသောပင်လယ်ဖျံ



a b c d e f g h i j k l m n o p q r s t u v w x y z

## warm-blooded သွေးနွေးသတ္တဝါ

Birds and mammals are warm-blooded. They keep their body warmer than the air around them.

ငှက်နှင့် နို့တိုက်သတ္တဝါများသည် သွေးနွေးသတ္တဝါများ ဖြစ်ကြသည်။ သူတို့၏ကိုယ်ခန္ဓာကို ပတ်ဝန်းကျင်ရှိ လေထက် ပို၍ပူအောင် ထိန်းထားနိုင်သည်။



Hair or feathers help mammals and birds to keep warm.

အမွေး၊ သို့မဟုတ် အတောင်များသည် နို့တိုက်သတ္တဝါနှင့် ငှက်တို့ကို နွေးစေသည်။

## water ရေ

Water is a liquid. It is essential for all living things.

ရေသည် အရည်ဖြစ်သည်။ သက်ရှိတိုင်းအတွက် ရေ လိုအပ်သည်။

Water can be in solid, liquid, or gas form.

ရေသည် အစိုင်အခဲ၊ အရည်၊ အငွေ့ပုံစံဖြင့် အမျိုးမျိုး ဖြစ်နိုင်သည်။




## waterproof မိုးကာ

Waterproof materials do not let water through them.

ရေကို ဖြတ်မသွားစေသော အရာဝတ္ထုများသည် မိုးကာအင်္ကျီနှင့် ထီးတို့ဖြစ်သည်။



## weed ပေါင်းပင်

Weeds are plants that we don't want.

ပေါင်းပင်သည် လူတို့မလိုလားသော အပင်များဖြစ်သည်။

Nettles and dandelions are common weeds.

ဖက်ယားပင်နှင့် ဒုစလီအပင်ငယ်များသည် ပေါင်းပင်များ ဖြစ်ကြသည်။



## **weight** အလေး

Weight is how heavy something is. To find the weight of an object you put it on some scales.

အလေးသည် မည်မျှအချိန်စီးသည်ကို ပြသည်။ မည်မျှလေးသည်ကိုသိရန် အလေးချိန် ချိန်တွယ်သည့် ချိန်ခွင်ပေါ်တွင် တင်၍ ချိန်ရသည်။



## **wing** အတောင်

Wings help an animal to fly.

အတောင်ပံသည် တိရစ္ဆာန်များ ပျံသန်းနိုင်ရန် ကူညီသည်။




Aeroplanes have wings to help them fly.

လေယာဉ်ပျံများတွင် ရှိသော တောင်ပံများသည် လေယာဉ်ပျံသန်းရန် ကူညီသည်။

## **wire** ဝါယာ

Wires are long thin strands of metal.

ဝါယာသည် အလွန်သေးပြီး ရှည်သော သတ္တုကြိုးများ ဖြစ်ကြသည်။



Wire is used to make many things.

ဝါယာဖြင့် ပစ္စည်းမျိုးစုံ ပြုလုပ်၍ ရသည်။

# Xx


**X-RAY - ဓာတ်မှန်**




**x-ray** ဓာတ်မှန်

X-rays are invisible rays that can pass through flesh but not bone.
ဓာတ်မှန်သည် မမြင်ရသော ရောင်ခြည်များဖြစ်ပြီး အသားကို ဖောက်ထွင်း၍ အရိုးကိုမူ မဖောက်ထွင်းနိုင်ပါ။

We use X-rays to take pictures of broken bones.
အရိုးကျိုးသောအခါ ဓာတ်မှန်ရိုက်၍ ကြည့်ရသည်။



# Yy



YAK - စာမရီ

**yolk** ကြက်ဥအနှစ်

The yolk is the yellow part of an egg. It is a food store for the chick.

ကြက်ဥအနှစ်သည် အဝါရောင်ဖြစ်သည်။ ထိုအနှစ်သည် ကြက်ကလေးများအတွက် အစာများ စုဆောင်းရာဖြစ်သည်။



# Zz



ZEBRA - မြင်းကျား

**ZOO တိရစ္ဆာန်ရုံ**



A zoo is a place where many animals are kept.
တိရစ္ဆာန်ရုံတွင် တိရစ္ဆာန်မျိုးစုံကို ထားရှိသည်။

## စိတ်ကူးချိုချိုမှ ထုတ်ဝေထားသော ကလေးတို့အတွက် လက်စွဲစာအုပ်များ



## **Science equipment** (သိပ္ပံပစ္စည်းများ)

Computer
ကွန်ပျူတာ



measuring jugs
ရေ၏ထုထည်ကို တိုင်းသောဂျိုင့်




electrical equipment
လျှပ်စစ်နှင့်ဆိုင်သော ပစ္စည်းများ




microscope
အဏုကြည့်မှန်ပြောင်း



magnets
သံလိုက်





pooter
ပြွန်တပ်ပုလင်း



magnifying glass
ချဲ့မှန်




funnels ကတော့
sieves ဆန်ခါ
filters ရေစစ်



specimen bottle
နမူနာပစ္စည်းထည့်သော ပုလင်း




thermometers
အပူချိန်တိုင်း ကိရိယာ



spring balance
စပရင်ချိန်ခွင်




torches
လက်နှိပ်ဓာတ်မီး




stopwatch
စံချိန်တိုင်း နာရီ




kitchen scales
မီးဖိုချောင်သုံး ချိန်ခွင်



tape measure, metre rule, ruler
ပေကြိုး၊ မီတာပေတံ၊ ပေတံ



weighi-ng scales
ချိန်ခွင်







# သိပ္ပံဆိုင်ရာ ပြုလုပ်ချက်များအဘိဓာန်

| | |
|---|---|
| boil | = ဆူသည်၊ ပွက်သည်။ |
| burn | = မီးလောင်သည်။ |
| change | = ပြောင်းလဲစေသည်။ |
| classify | = အမျိုးအစားခွဲသည်။ |
| collect | = စုဆောင်းသည်။ |
| compare | = နှိုင်းယှဉ်သည်။ |
| cool | = အအေးခံသည်။ |
| count | = ရေတွက်သည်။ |
| dissolve | = ပျော်ဝင်စေသည်။ |
| draw | = ဆွဲသည်။ |
| experiment | = လက်တွေ့စမ်းသပ်သည်။ |
| explain | = ရှင်းပြသည်။ |
| feel | = ခံစားသည်။ |
| filter | = စစ်ထုတ်သည်။ |
| freeze | = ခဲစေသည်၊ ခဲအောင်လုပ်သည်။ |
| graph | = ဇယားဆွဲသည်။ |
| grow | = ကြီးထွားသည်။ |
| guess | = ခန့်မှန်းသည်။ |
| hear | = ကြားသည်။ |
| heat | = အပူပေးသည်။ |
| listen | = နားထောင်သည်။ |
| look | = ကြည့်သည်။ |
| measure | = တိုင်းတာသည်။ |







melt = အရည်ပျော်သည်။
mix = ရောသည်။
observe = ကြည့်သည်။
plan = စီစဉ်သည်။
predict = ခန့်မှန်းသည်။
record = မှတ်တမ်းတင်သည်။
repeat = ထပ်မံ၍ပြုလုပ်သည်။
sieve = ဆန်ခါချသည်။
smell = အနံ့ခံသည်။
sort = ရွေးထုတ်သည်။
test = စမ်းသပ်သည်။
touch = ထိသည်။
weigh = ချိန်တွယ်သည်။

၀

